မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ၁၅ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၀၇)

သိပ္ပံ တော် မင်္ဂလ မုတ္တမ်

လက်မှုစက်မှုပညာ
တတ်မြောက်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ရွှေနဂါး ပျားလိမ္မော်ခြံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းဆတ်ခရိုင် ဟိုရွက်ဒေသရှိ ရွှေနဂါး ပျားလိမ္မော်ခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး လိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် မိုင်းတုံမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်မိသားစုများနှင့် တွေ့ဆုံပြီး စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ပုံပါကျင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကာ *စာမျက်နှာ ၉ ကော်လံ ၁* ✻

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမည့် ခေတ်မီ စပါးရိတ်သိမ်းခြွေလှေ့စက် တီထွင်ထုတ်လုပ်

တစ်ကေစပါးခင်းကို နှစ်နာရီအတွင်း ရိတ်သိမ်းခြွေလှေ့ပေးနိုင်

သတင်းမြင်ကွင်း - မြတ်စိုး (လှိုင်) ဓာတ်ပုံမှတ်တမ်း - ခင်ယွန်းစံ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံတွင် ခေတ်နှင့်အညီ ခေတ်မီစိုက်ပျိုးရေးကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဖော်ဆောင်လျက်ရှိရာ လွန်ခဲ့သည့် တစ်နှစ်ကျော်က စတင်စမ်းသပ်တီထွင်ခဲ့သော ခေတ်မီ စပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) ဖြင့် လယ်ကွင်းအတွင်း လက်တွေ့ရိတ်သိမ်းစမ်းသပ်သရုပ်ပြပွဲကို ယနေ့နံနက် ၉နာရီက စက်မှုလယ်ယာဦးစီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အင်းလျက်ကျေးရွာအုပ်စု လယ်သမားကြီး ဦးစံမြင့်၏ ရေကျနောက်စိုက်စပါးကွင်းတွင် ဆောင်ရွက်နိုင်ခဲ့ပေပြီ။

တက်ရောက်လေ့လာ

အခမ်းအနားမတိုင်မီ နံနက်၈နာရီတွင် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံခန်းမဆောင်၌ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ဆလိုက်ပရိုဂျက်တာများဖြင့် စက်တီထွင်မှုဖြစ်စဉ်နှင့် စက်စွမ်းရည်များကို ရှင်းလင်းတင်ပြကြရာ အခမ်းအနားသို့ တက်ရောက်လာကြသော ပညာရှင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်လက်အောက်ရှိ ဆန်စပါးနှင့် ပတ်သက်သည့် အသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ စာနယ်ဇင်းများ၊ ရုပ်မြင်သံကြားအဖွဲ့များ တက်ရောက်လေ့လာ ကြည့်ရှုကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

ခေတ်မီ စပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် လယ်ကွင်းအတွင်း ဤသို့ လက်တွေ့ရိတ်သိမ်း စမ်းသပ် သရုပ်ပြသခဲ့သည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၅ ရက်)

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဝိုင်းဝန်းဆောင်ရွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး ဒေသခံပြည်သူများ လက်တွဲကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇန်နဝါရီလ ၉ရက်နေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားခဲ့သည်။

ကမ္ဘာ့ရာသီဥတုအခြေအနေသည် ပြောင်းလဲမှုရှိနေရာ ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ကြိုတင်စဉ်းစား သတိပြုကြရန်လိုအပ်ပြီး ကြိုတင်ကာကွယ်မှုများကို စနစ်တကျ ဇာတ်တိုက်လေ့ကျင့်ထားကြရမည် ဖြစ်သည်။

ဧရာဝတီတိုင်းတွင် ကြုံတွေ့ရသော ပြင်းထန်သည့်လေမုန်တိုင်းကို သင်ခန်းစာယူ၍ မိုးရာသီမရောက်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အပြီးဆောင်ရွက်ထားရှိရမည် ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းမှုအားဖြင့် သဘာဝဘေးအန္တရာယ်ကိုရော အခြား အဖျက်အန္တရာယ်များကိုပါ ကာကွယ်တားဆီး၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ လူမျိုးများ၏ စိတ်ဓာတ်ကောင်းမွန်မှုနှင့် စည်းလုံးညီညွတ်မှု၊ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံခိုင်မာမှုအခြေအနေတို့ကြောင့် မုန်တိုင်း၏အပျက်အစီးများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ရေမြေရာသီဥတု အခြေအနေအရ စားနပ်ရိက္ခာဖူလုံသော ရခိုင်ပြည်နယ်သည် မုန်တိုင်းအန္တရာယ် ကျရောက်ခဲ့မှုများအရ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် အသက်ကယ်ကုန်းများ၊ အသက်ကယ်ရေကန်များ၊ ရေငန်တားတမံများ၊ ဒီရေတောများ ထိန်းသိမ်းကာကွယ် ထားမှုများကို သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့် နယ်မြေဒေသအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထားရှိရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေမြေရာသီဥတုအခြေအနေအရ စားနပ်ရိက္ခာပိုလျှံသောဒေသ ဖြစ်သည်။ ယင်းသို့ ပိုလျှံဖူလုံမှုကို ခိုင်မာသည်ထက်ခိုင်မာရန် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ် လျော့နည်းကျဆင်းလာရေး၊ အလေအလွင့်ထိန်းသိမ်းရေးတို့ကိုလည်း အလေးထားဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ဒေသခံပြည်သူများသည် ဒေသအလိုက် စားနပ်ရိက္ခာ ဖူလုံပိုလျှံရန်၊ စီးပွားရေးတောင့်တင်းရန်၊ ပြည်နယ်စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရန် ကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်ပြီး ပြည်နယ်စီးပွားရေးတိုးတက်မှုနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးသည်လည်း ဆတက်ထမ်းပိုး ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ဥက္ကံမြို့မ လူမှုရေးအသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၁ရက်(စနေနေ့)နံနက်စနာရီခွဲတွင် စမ်းချောင်းမြို့နယ် မြေနီကုန်းပြည်လမ်းရှိ မစိုးရိမ် ပရိယတ္တိစာသင်တိုက်မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့ထူးဂုဏ်ထူးရ ဥက္ကံမြို့သူမြို့သားများ၊ အသက်(၇၅)နှစ်ပြည့် အသင်းဝင်များ၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်သားသမီးများသည် ဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း-၅၄၆၁၅၀၊ အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း-၀၉-၅၀-၄၂၀၀၃၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့် ဖုန်း-၅၃၇၄၃၇တို့သို့ ကြိုတင်စာရင်းပေးပို့ကြရန်နှင့် အသင်းဝင်အားလုံး(အသင်းဝင်လိုသူများပါ) အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ (မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၁၅-၁-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၁၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၃)
၆:၄၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၁၅)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကတ္တာ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၀)

မြန်မာနိုင်ငံ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး နည်းပညာဆိုင်ရာ အစည်းအဝေးဖွင့်ပွဲကျင်းပ

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၄

ASEAN Vision ၂၀၂၀နှင့် Millennium Development Goal ၂၀၁၅နှင့်အညီ မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက် နေသော သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်နှင့် အာဆီယံဒေသ၊ အာရှနှင့်ပစိဖိတ်ဒေသအတွင်း သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေမည့် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး နည်းပညာဆိုင်ရာအစည်းအဝေး (Myanmar National Technical Meeting on Ageing) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ရှိ Inya Lake Hotel ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ Help Age Korea, Help Age International တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် Help Age Korea မှ ဥက္ကဋ္ဌ Mr.Cho Hyun Se က အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမြင့်ဟန်၊ Help Age Korea မှ Mr.Cho Hyun Se၊ Help Age International မှ Mr.Godfred Poul နှင့် UNFPA မှ Dr.Stenly Sajaw တို့က သက်ကြီးရွယ်အိုစောင့်ရှောက်ရေး လုပ်ငန်းဆိုင်ရာ စာတမ်းများကို ဖတ်ကြားရှင်းလင်း ဆွေးနွေးကြသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို စာတမ်းဖတ်ကြားသူများက ပြန်လည်ဆွေးနွေး ဖြေကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဟားခါးမြို့နယ်စည်ပင် ရေကန်ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်း

ဟားခါး ဇန်နဝါရီ ၁၄

ဟားခါးမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ မြို့နေပြည်သူများ သုံးစွဲသော မြို့ရေပေးရေး ရေဖြန့်ဝေကန်ဖြစ်သည့် မြို့ဦးရေစစ်ကန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး အတွက် အဖွဲ့ဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ရာသို့ ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် အမှုဆောင်အရာရှိ ဦးတမ်အောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ထူးချွန်ဆုချီးမြှင့်

ဇန်နဝါရီ ၃ရက်က ကမာရွတ်မြို့နယ် အမက(၄)၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ဘာသာစုံ ထူးချွန်ဆုရ Grade -3 ကျောင်းသူ မထက်ထက်မြတ်နိုးဆွေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

● *ကျော်ဖုံးမှ*

စစ်ကိုင်းတိုင်းအတွင်း ထူထောင်ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၉၆၆ ခုအနက် စာကြည့်တိုက် ၄၉၆၇ခုအား ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအချက်(၅)ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်ရန် စာကြည့်တိုက် ၉၉၉ ခု ကျန်ရှိကြောင်း၊ ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ခိုင်မာစေရေးအတွက် ဒေသအာဏာပိုင်များနှင့်အတူ ပညာဒါန အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များအပြင် ကျေးရွာများမှ ဘုန်းတော်ကြီးများပါမကျန် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်လှူဒါန်းဆောင်ရွက်ကြသည့်အတွက် စစ်ကိုင်းတိုင်း အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး ရေရှည်တည်တံ့ ခိုင်မာဖွံ့ဖြိုးတိုးတက်သည့် စာကြည့်တိုက်များအဖြစ် မကြာမီ အောင်မြင်စွာ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း။

ပြည်သူအားလုံး အသိပညာ၊ ဗဟုသုတ မြင့်မားတိုးတက်လာသည်နှင့်အမျှ မှန်ကန်သည့် တွေးခေါ်ဆုံးဖြတ်မှုများဖြင့် နိုင်ငံတော် တည်ဆောက်ရေးတွင် အစိုးရနှင့် ပူးပေါင်းပါဝင်လာနိုင်ကြရန်အတွက် ကျေးရွာပြည်သူများအနေဖြင့် မိမိတို့၏ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် စာပေဗဟုသုတများ ဖတ်ရှုလေ့လာ၍ အမှန်တကယ်အသုံးပြုကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အကောင်အထည်ဖော်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့် အားလျော်စွာ ပြည်သူတစ်ရပ်လုံး 'အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းကြီး' ဖြစ်အောင် ကျေးလက်ပြည်သူများ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိ၍ ပညာဗဟုသုတတိုးတက်မြင့်မားလာအောင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မြန်မာနိုင်ငံတစ်ဝန်း ထူထောင်ဖွင့်လှစ်၍ ထူထောင်ပြီးကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရ၊ ဒေသခံ ပြည်သူများ၊ အလှူရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း ကျေးရွာပေါင်း ၅၅၇၅၅ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ကြောင်း။

ယင်းတို့အနက် ယနေ့အထိ အခိုင်အမာ စာကြည့်တိုက်ပေါင်း ၄၅၈၄၇ ခု အောင်မြင်ဖြစ်တည်နေပြီး ဖြစ်ကြောင်း၊ ရေရှည်ခိုင်မာဖွံ့ဖြိုးတိုးတက်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရန်မှာ ပြည်သူများ အမှန်တကယ် စာဖတ်လာအောင် စည်းရုံးဆောင်ရွက်ခြင်း၊ စာကြည့်တိုက်ရှိ စာအုပ်များ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး စာအုပ်၊ စာစောင်အသစ်များ တိုးပွားလာအောင် စာငှားစနစ်နှင့် စာကြည့်တိုက်ရန်ပုံငွေ တိုးတက်လာအောင် ဆောင်ရွက်ခြင်း၊ ကိုယ်ပိုင်မြေနှင့် ကိုယ်ပိုင်အဆောက်အအုံရှိသည့် စာကြည့်တိုက်ဖြစ်လာအောင် ဆောင်ရွက်ခြင်း၊ သင့်တင့်သော စာကြည့်တိုက် ပရိဘောဂများရှိခြင်း၊ စာကြည့်တိုက်မှူးကောင်းတစ်ဦးနှင့် စာကြည့်တိုက်ကော်မတီတစ်ရပ်ရှိခြင်း စသည့် လုပ်ငန်း (၅)ရပ်ဖြင့်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

လိုအပ်

ယင်းလုပ်ငန်းစဉ်(၅)ရပ်ကို ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ ဒေသပြည်သူများ၏အား၊ စေတနာရှင်ပြည်သူနှင့်အဖွဲ့အစည်းများ၏အား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏အား စသည့် အား(၄)အားဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ ရေရှည်ခိုင်မာဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအဖြစ် အောင်အောင်မြင်မြင် ရှင်သန်ဖြစ်တည်ရေးသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးကိစ္စဖြစ်သည့် အားလျော်စွာ အားလုံးက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ဂုဏ်ယူမှတ်တမ်းတင်

ထူးခြားချက် တစ်ခုမှာ စစ်ကိုင်းတိုင်းအတွင်း ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ခိုင်မာဖွံ့ဖြိုးသည့် စာကြည့်တိုက်များအဖြစ် တိုးတက်ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်မှုများတွင် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကလည်း ကျေးရွာများအရောက် ကွင်းဆင်း၍ ဖော်ပြပါအား (၄)အားနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများစွာ ရရှိခဲ့သည်ကို တွေ့ရှိရ၍ ဝမ်းမြောက်ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း။

ပြည်သူများ စာပေဗဟုသုတ တိုးတက်မြင့်မားပြီး အသိပညာ၊ အတတ်ပညာအခြေခံကောင်းများ ပိုမိုရရှိလာနိုင်စေရန်အတွက် ရေရှည်တည်တံ့တိုးတက်သည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်လာရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော် အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ပြန်လည်ပေးအပ်

ယင်းနောက် အလှူရှင်များ ဖြစ်ကြသော ဦးသန်းလွင်-ဒေါ်ခင်အုပ် မိသားစုက ငွေကျပ် သိန်း၃၀၀၊ မုံရွာမြို့နယ် ကျောက္ကာရေနံ လုပ်ငန်းရှင်များအသင်းက ငွေကျပ် သိန်း ၁၀၀၊ ဦးဝင်းမြင့်-ဒေါ်ကြွေကြွေ မိသားစုက ငွေကျပ် ၁၅၃ သိန်း၊ ဦးခင်မောင် မိသားစုက ငွေကျပ် သိန်း ၁၂၀၊ ဦးစောဝင်း-ဒေါ်ဆန်း မိသားစုက ငွေကျပ် သိန်း ၁၂၀၊ ကောင်းမြတ်ပြည်ကျော် ကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၊ ကျွန်းလှ ကျေးရွာမှ ပြည်သူများက စုပေါင်းလှူဒါန်း ငွေကျပ် ၈၅ သိန်း၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၇၅ သိန်း၊ ဦးသန်းမောင် မိသားစုက ငွေကျပ် ၆၈ သိန်း၊ ကျွန်းလှမြို့နယ် ရေရှင်ကျေးရွာမှ ပြည်သူများက စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၆၀၊ ဦးကျော်ကျော်လှိုင် မိသားစုက ငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မုံရွာ တက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းလှူဒါန်းငွေကျပ် ၁၅ သိန်း၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၅၀၊ ဦးအဘိဇာတလင်္ကာရ တိပိဋကရေ သုဘောစာရုံကျောင်းတိုက် ဆရာတော်က ငွေကျပ် သိန်း ၄၀၊ ဦးရဲနိုင်မိသားစုက ငွေကျပ် ၂၅ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ငွေကျပ်သိန်း ၂၀၊ ကျွန်းလှမြို့နယ် ထိန်တောအုပ်စု ခဝါထည်ကျေးရွာ ပြည်သူများက ငွေကျပ် ၁၅ သိန်း၊ ပုလဲမြို့နယ် နှောကန်ကျေးရွာပြည်သူ လူထုက ငွေကျပ် ၁၅ သိန်း၊ ပုလဲမြို့နယ် ညောင်ပင်သာကျေးရွာ ပြည်သူများက ငွေကျပ် ၁၅ သိန်း၊ ဦးမြင့်သိန်း မိသားစုက ငွေကျပ် ၁၂သိန်း၊ သုဓမ္မဏီဇောတရေ ဦးစိုးနိုင်-ဒေါ်အေးအေးခိုင် မိသားစုက ငွေကျပ် ၁၀သိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စွမ်းအားဖွံ့ဖြိုး ကုမ္ပဏီက ငွေကျပ် ၁၀သိန်း၊ ဦးလှဟန်(ရေနံချက်ဖို့) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးသန်းထွန်း (ရေနံလုပ်ငန်း)မိသားစုက ငွေကျပ် ၁၀ သိန်း၊ ရွှေထုတ်လုပ်သူများအသင်းက ငွေကျပ် ၁၀ သိန်း၊ ရွှေထုတ်လုပ်သူ လုပ်ငန်းရှင်များက ငွေကျပ် ၁၀ သိန်း၊ ဦးခင်မောင်ဟန် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးသိန်းတန်-ဒေါ်သန်းသန်းနွဲ့ မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဟွန်ဒါမြန်မာကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဆုထူးပန်ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ အောင်မြင်သူ ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ် ငါးသိန်း၊ အမြန်ရေယာဉ်(၃)အသင်းက ငွေကျပ် သုံးသိန်း၊ စစ်ကိုင်းတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ်သုံးသိန်း၊ မအေးစီတာ မိသားစုက ငွေကျပ် ၂၁၉၀၇၀၊ မြစ်သာရွှေရည်+ရွှေမဲရတနာ ရေနံကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ သန်မြန်သူကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ကလေးမြို့နယ် မြစ်သာရွှေချည် ရေနံချက်ဖိုအသင်းသားများက ငွေကျပ်နှစ်သိန်း၊ ဘုတလင်မြို့နယ် ရေနံလုပ်ငန်းရှင်များအသင်းက ငွေကျပ်နှစ်သိန်း၊ ခနအောင် (ရေနံ)ကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ ဦးအဲချို မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးတင်ရွှေမိသားစုက ငွေကျပ်တစ်သိန်း၊ ဗိုလ်သိုင်းနှင့် ညီများကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ ပီနောင်တိုင်းကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ ရှမ်းကဒူးကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ စိန်မြနွယ်ကုမ္ပဏီက ငွေကျပ်တစ်သိန်း၊ မြင်းမူမောင်နိုင်မိုးမိသားစုက ငွေကျပ်တစ်သိန်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်တစ်သိန်း၊ SM 45 ကုမ္ပဏီက ငွေကျပ် ၁၅၀၀၀၀၊ ကင်းရွှေပြည်ကုမ္ပဏီက ငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း ပြသထားသော မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုကြသည်။

ယနေ့ စစ်ကိုင်းတိုင်း အတွင်းရှိ ကျေးရွာ စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များ လှူဒါန်းငွေ စုစုပေါင်းမှာ စာကြည့်တိုက် အဆောက်အအုံ တန်ဖိုးငွေ ကျပ် ၉၂၈ သိန်း၊ ငွေသား ကျပ် ၇၂၄၆၉၀၇၀ စုစုပေါင်းငွေကျပ် ၁၆၅၂ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင်၌ မူခင်းကျဆင်းရေးပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်အနောက်ပိုင်းခရိုင် မှုခင်းကင်းမဲ့ရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့ ညနေ၃နာရီက ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ဦးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် အနောက်ပိုင်းခရိုင် တရားသူကြီးဦးကျော်ဆွေက မှုခင်းပညာပေးဟောပြောပြီး ခရိုင်ဒုတိယ ဥပဒေအရာရှိဒေါ်လှလှမြိုင်က ဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မွန်လတ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့်လွိုင်လင်တွင်အအေးပို၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌လေပြင်းများကျရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၄

ဇန်နဝါရီ ၁၅ ရက်(ယနေ့)ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၅ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၁၄ ရက်ကဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်တိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်၊ မိုးကုတ်မြို့တို့၌ ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

လေပြင်းကျနိုင်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

နေပြည်တော်အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၃ရက်က ကျင်းပရာ စတုတ္ထတန်း ဘက်စုံထူးချွန်ဆုပထမရရှိသူ အလက(၃)နေပြည်တော်မှ မောင်ဖြိုးသူအား အလက(၃) ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော်က ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

MRTV- 4
ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	အစကကြိုသိခဲ့ရင် တရားတော် (ဆရာတော် ဘဒ္ဒန္တဝေပုလ္လဇောတိ)
၇း၅၅-၁း၅၅	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၈း၀၅-၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀-၂း၁၀	ပြည်တွင်းအနုပညာရေးရာ
၈း၃၅-၂း၃၅	ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေးကျန်းမာရေး ပညာ ပေးဆွေးနွေးခန်း (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ သီဂီမြင့်)
၉း၀၀-၃း၀၀	ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	Activities in the City ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း (၄)နှစ်မြောက် အခမ်းအနား]
၉း၅၀-၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	နေရဲမာန်၏ ဒုတိယခြေလှမ်း
၁၀း၄၅-၄း၄၅	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀-၅း၁၀	စားချင်စဖွယ်နည်း အသွယ်သွယ်
၁၁း၂၀-၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	သီးနှံအထွက်တိုးစေရာ သဘာဝမြေဩဇာ
၁၁း၄၀-၅း၄၀	ယဉ်ကျေးသွင်ပြင် ဝတ်စားဆင် ပိုးချိတ်အသွင်
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဇာမွန်အိနှင့် တွေ့ဆုံခြင်း)
၁၂း၃၀-၆း၃၀	**အမျိုးနှင့်မျိုး** [နေမျိုးအောင်၊ မိုးပြည့်ပြည့်မောင်၊ ဇေရာ၊ ဝင်းနိုင် (အနုပညာ)] (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၂း၄၅-၆း၄၅	Yangon Panorama (Yangon Media Group နှစ်ပတ်လည်ညစာစားပွဲ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဂါဇာ၌ တိုက်ခိုက်ဖျက်ဆီးမှုများရပ်ဆိုင်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ဂျီနီဗာ ဇန်နဝါရီ ၁၄

ဂါဇာပဋိပက္ခတွင် သေဆုံးသူများပြားသည့်အတွက် တိုက်ခိုက်ဖျက်ဆီးမှုများ ရပ်ဆိုင်းကြရန် တိုက်တွန်းလိုက်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ဇန်နဝါရီ ၁၄ရက်၌ ရောက်ရှိလာသည်။

တိုက်တွန်းနှိုးဆော်

အီဂျစ်နိုင်ငံတွင် အီဂျစ်သမ္မတ မူဘာရက်နှင့် တွေ့ဆုံကာ အရှေ့အလယ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် အစ္စရေး-ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေးကို အဓိကဆွေးနွေးခဲ့သည်။

ဒဏ်ရာရရှိ

ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ချက်ချင်းအပြည့်အဝ လေးစားလိုက်နာကြရန် တောင်းဆိုထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှုရှိရေး ကြိုးပမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိနေသည်။ ၁၉ရက်ကြာ ဂါဇာပဋိပက္ခတွင် ပါလက်စတိုင်း ၁၀၀၀ ကျော်သေဆုံးခဲ့ပြီး ၄၀၀၀ကျော် ဒဏ်ရာရရှိခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ရန်ကျင်းမြို့အနီး ဒန်ပင်းမြို့ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်တွင် မီးပန်းစက်ရုံပေါက်ကွဲ ငါးဦးသေဆုံး၊ ကိုးဦးဒဏ်ရာရရှိ

ကွမ်ကျို့ ဇန်နဝါရီ ၁၄

တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ယင်ဒီမြို့၌ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာ ရရှိကြောင်း ဇန်နဝါရီ ၁၃ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွား

သေဆုံးသူများထဲတွင် အသက် ၇၀ အရွယ်နှင့် ၁၈နှစ်အောက် လူငယ်များ ပါဝင်ကြောင်း၊ ကနဦးစုံစမ်းစစ်ဆေးချက်များအရ အလုပ်သမားများ၏ စက်ကိရိယာများယွင်းလည်ပတ်မှုကြောင့် အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုသည် ယင်ဒီမြို့ရှိ ကင်တန်အရပ်မှ ပုဂ္ဂလိကမီးရှူးမီးပန်း စက်ရုံတွင် ဇန်နဝါရီ၁၁ရက် ဒေသစံတော်ချိန် နံနက် ၈နာရီ မိနစ် ၃၀က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယင်းမြို့ အုပ်ချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ လူလေးဦးသည် အခင်းဖြစ်အရပ်တွင် ပွဲချင်းပြီးသေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ဆေးရုံရောက်မှ သေဆုံးခြင်း ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆိုမာလီယာ မိုဂါဒစ်ရှူးဈေးအနီး၌ အမြောက်ကျည်ဆန်ကျရောက်၊ ၁၁ဦးသေဆုံး

မိုဂါဒစ်ရှူး ဇန်နဝါရီ ၁၄

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ရှိ လူစည်ကားရာဈေးတစ်ဈေးနှင့် လူနေရပ်ကွက်များအနီးသို့ အမြောက်ကျည်ဆန်များ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ၁၁ဦး သေဆုံးခဲ့ကြောင်း၊ စစ်သွေးကြွများနှင့် အီသီယိုးပီးယားတပ်ဖွဲ့ဝင်များ ပါဝင်သည့် ဆိုမာလီယာ အစိုးရတပ်ဖွဲ့များအကြား ပစ်ခတ်တိုက်ခိုက်ရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ပြောကြား

အီသီယိုးပီးယား တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သော ဆိုမာလီယာ တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ဘာကာရာဈေးနှင့် ဂက်ဂျေးလ်ရပ်ကွက် ဝန်းကျင် ဒေသများမှ သေဆုံးသူ ၁၁ဦးနှင့် ဒဏ်ရာရသူ ၁၆ဦးတို့အား ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ဆေးရုံမှ ဝန်ထမ်းတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

တိုက်ခိုက်

စစ်သွေးကြွများသည် လွန်ခဲ့သည့် နှစ်နှစ်တာကာလကတည်းက ဆိုမာလီယာ တပ်ဖွဲ့များနှင့် အီသီယိုးပီးယားတပ်ဖွဲ့များအား ပြန်လည်တိုက်ခိုက်လျက်ရှိသည်။

ဖြစ်ပွား

ထိုတိုက်ခိုက်မှုသည် အီသီယိုးပီးယားမှ မိုဂါဒစ်ရှူးသို့ အီသီယိုးပီးယားတပ်ဖွဲ့ဝင်များစေလွှတ်ကတည်းက ဖြစ်ပွားခဲ့သည်။

မီခို

စစ်သွေးကြွများ၏ ထကြွသောင်းကျန်းမှုကြောင့် အရပ်သား ၁၆၀၀ကျော် သေဆုံးကာ တစ်သန်းမျှသောပြည်သူတို့မှာ ၄င်းတို့၏အိမ်မှ ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး နိုင်ငံ၏ သုံးပုံတစ်ပုံမျှသောပြည်သူများမှာ ပြည်ပအကူအညီပေါ်တွင် မှီခိုနေရလျက် မိုဂါဒစ်ရှူးမြို့ပေါ်ရှိ လူနေရပ်ကွက်အများအပြားတွင်လည်း လူနေထိုင်မှုမရှိဘဲ ဟင်းလင်းပြင်ဖြစ်နေခဲ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ရိုက်တာ

မိုဇမ်ဘစ်နိုင်ငံ၌ ရေလွှမ်းမှုဖြစ်ပွား ၂၅ဦး သေဆုံး

မာပူတို ဇန်နဝါရီ ၁၄

မိုဇမ်ဘစ်နိုင်ငံအလယ်ပိုင်းတွင် လွန်ခဲ့သည့်သီတင်းနှစ်ပတ်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ ၂၅ဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါ ရေလွှမ်းမှုသည် လာမည့်မတ်လတိုင်အောင် ယင်းဒေသတွင် ဆက်လက်ဖြစ်ပေါ်ဖွယ်ရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ဇန်နဝါရီ ၁၁ရက်၌ ပြောကြားသည်။

ပြောကြား

သေဆုံးသူအများစုမှာ ကလေးများဖြစ်ပြီး ရေလွှမ်းနေသည့်အချိန်၌ ရေထဲတွင် ရေကူးဆော့ကစားရန် ကြိုးပမ်းရာမှ ရေနစ်သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း မိုဇမ်ဘစ် အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘီလာမီနိုချီဗမ်သိုးက ပြောကြားသည်။

ဆိုးရွား

မိုဇမ်ဘစ်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများတွင် မိုးရာသီကာလ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မတ်လတွင် ရေလွှမ်းမှုအဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနိုင်ကြောင်း ၄င်းကရိုက်တာသို့ ပြောကြားသည်။

ပြိုကျပျက်စီး

ထောင်ပေါင်းများစွာသောအိမ်များ ပျက်စီးဆုံးရှုံးခဲ့သဖြင့် သက်ဆိုင်ရာ အာဏာပိုင်များက အရေးပေါ်နေရာထိုင်ခင်းများ စီစဉ်ပေးခဲ့ရကြောင်း၊ ပြည်နယ်လေးခုရှိ လမ်းမကြီးများ၊ တံတားကြီးများနှင့် လျှပ်စစ်တာဝါတိုင်များ ပြိုကျပျက်စီးခဲ့ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။

ဖြစ်ပေါ်

မိုဇမ်ဘစ်နိုင်ငံ အလယ်ပိုင်းကို မိုင် ၃၀၀ခန့်ပါဝင်သော ဇမ်ဘီဇီမြစ်သည် ယင်းနိုင်ငံရှိ ပြည်နယ်လေးခုကို ဖြတ်သဖြင့် ယင်းပြည်နယ်များတွင် ရေလွှမ်းမှုသတိပေးချက်များ ထုတ်ပြန်ထားသည်။ ထို့အပြင် ယင်းမြစ်ဖြတ်သန်းစီးဆင်းရာ မာလာဝီနိုင်ငံနှင့် ဇမ်ဘီယာနိုင်ငံများတွင်လည်း ရေလွှမ်းမှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် နှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းမှုကြောင့် ဆီးနှင်းခဲများကို ဇန်နဝါရီ ၁၄ရက်က အစုလိုက်အပြုံလိုက် တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဖီဂျီနိုင်ငံ၌ ရေလွှမ်းမိုးမှု အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထား

ဆူဗာ ဇန်နဝါရီ ၁၄

ပစိဖိတ်သမုဒ္ဒရာရှိ ဖီဂျီကျွန်းနိုင်ငံ၌ လေပြင်းမုန်တိုင်းကျရောက်ပြီး ရေလွှမ်းမိုးမှုများ ကြုံတွေ့ရပြီးနောက် အရေးပေါ်အခြေအနေကြေညာပြီး နေဝင်မီးငြိမ်းအမိန့်ထုတ်ထားသည်ဟု ဖီဂျီနိုင်ငံထုတ် သတင်းစာများက ဇန်နဝါရီ ၁၂ရက်တွင် ဖော်ပြသည်။

ဖော်ပြ

နိုင်ငံအနောက်ပိုင်းတွင် ရက်ပေါင်းအတန်ကြာ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှု ကြုံတွေ့ရသည်။ ယာယီဝန်ကြီးချုပ် ဖရန့်ဘိုင်နီမာရာမာက ရက်သတ္တပတ်ကုန်တွင်အရေးပေါ် ကြေညာပြီး အချို့ဒေသများတွင် လုယက်မှုများ မဖြစ်ပွားစေရန်နေဝင်မီးငြိမ်း အမိန့်ထုတ်ထားသည်ဟု ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးဝန်ကြီး ရာတုအက်ပီလီက ပြောကြားသည်။ ရေလွှမ်းမိုးမှုမှာ အချို့ဒေသတွင် ရေအနက် ၁၀ ပေအထိရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေရကြောင်း ဖီဂျီတိုင်းမ်သတင်းစာက ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ကောင်တွင် ဇန်နဝါရီ ၁၂ရက်က အသေခံဗုံးခွဲမှုဖြစ်ပေါ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဟိုင်းမြို့တွင်ကျင်းပသော ဖက်ရှင်ပြပွဲတွင် ၂၀၀၉ခုနှစ် ကိန်းဂဏန်းအား မျက်မှန်သဖွယ်ပြုလုပ်ပြီး ဝတ်ဆင်ပြသထားသော မော်ဒယ်တစ်ဦးအား ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်တာနက်ကျန်းမာရေး

ငယ်ရွယ်စဉ်မှစတင်ပြီး ငါးကိုပုံမှန်စားသုံးခဲ့ပါလျှင် အရေပြားရောဂါများ မဖြစ်ပွားနိုင်ဟုဆို

ကိုးလသားအရွယ် ကလေးငယ်ဘဝမှ စတင်ကာ ငါးကိုပုံမှန်စားသုံးခဲ့သူများသည် အသက်အရွယ်ရရှိလာချိန်၌ ကိုယ်အရေပြားပေါ်တွင် ဖြစ်ပေါ်တတ်သည့် ဝဲနှင်းခူကဲ့သို့ အရေပြားရောဂါများ မဖြစ်ပွားနိုင်ကြောင်း ဆွီဒင်သုတေသန ပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ငယ်ရွယ်စဉ်ကပင် ငါးကိုပုံမှန်စားသုံးခဲ့သော ကလေးငယ် ၁၇၀၀၀ခန့်ကို ငါးနှစ်ကြာ သုတေသနပြုခဲ့ရာ ယင်းကလေးငယ်များအားလုံးသည် ဝဲနှင်းခူကဲ့သို့သော ကိုယ်အရေပြားပေါ်တွင် ပေါက်တတ်သည့်အနာများ ဖြစ်ပွားလေ့မရှိကြောင်း သိရသည်။

ပုံမှန်အားဖြင့် ခြောက်လသားမှ ကိုးလသားအရွယ် ကလေးငယ်ဘဝမှ စတင်ကာ ငါးကို အလေ့အကျင့်ဖြစ်အောင် ကျွေးမွေးခြင်းသည် ငါးတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်ဓာတ်က ခန္ဓာကိုယ်တွင်းရှိ ဆဲလ်များ ခုခံအားကောင်းစေရန် အကျိုးပြုသည်ဟုဆို၏။

ငါးတွင်ပါရှိသော အိုမီဂါ-၃ဖက်တီးအက်စစ်သည် ခန္ဓာကိုယ်တွင်းရှိ သွေးများအား သန့်စင်စေပြီး ဓာတ်မတည့်မှုများကိုလည်း ချေဖျက်နိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဩော်ဟော့ပေါ့.... | ဘဝအမောပြေ

စားသောက်ဆိုင်တစ်ဆိုင်သို့ အမျိုးသားတစ်ဦးရောက်ရှိလာပြီး ဟော့ပေါ့တစ်ပွဲ မှာလေသည်။

အမျိုးသား ။ ။ စာပွဲထိုးလာပါဦး။

စားပွဲထိုး ။ ။ ဟုတ်ကဲ့ပါ။

အမျိုးသား ။ ။ ဟော့ပေါ့တစ်ပွဲ၊ အသားများများနဲ့ အမြန်လုပ်ပေးပါ။

စားပွဲထိုး ။ ။ ဟုတ်ကဲ့...ခဏလေးစောင့်ပါ ခင်ဗျာ။

အချိန်အနည်းငယ်အတွင်း ဟော့ပေါ့ယူလာသည်။

အမျိုးသား ။ ။ အေး...မြန်သားပဲ။

ထိုအချိန်၌ လက်ကိုင်ဖုန်းခေါ်သဖြင့် စကားပြောရန် ဆိုင်အပြင်သို့ မထွက်မီ အခြားသူများစားမည်စိုးရိမ်သဖြင့် ''ဤဟော့ပေါ့၌ ကျွန်ုပ် တံတွေးထွေးထားသည်''ဟု အမြန်ရေးပြီး ဘေးနား ထောင်ထားကာ အပြင်သို့ထွက်ပြီး ဖုန်းပြောလေသည်။

အတန်ကြာသော်...ဖုန်းပြောပြီးပြန်လာသော အမျိုးသားမှာ သူအမြန်ရေးပြီးထားသည့် စာရွက်အောက်မှ ထပ်မံရေးထားသည့် စာများကို တွေ့သဖြင့် ဖတ်ကြည့်လိုက်ရာ...

''ကျွန်ုပ်တို့လည်း ဟော့ပေါ့ထဲ တံတွေးဝိုင်းထွေးပေးထား ကြပါသည်''

အမျိုးသား ။ ။ ''ဟိုက်''

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

သံထုတ်လုပ်သည့်စက်ကို တီထွင်ခဲ့သူ ဆက်သ်ဘွိုင်ဒင် (၁၇၈၈-၁၈၇၀)နှင့် တာဘိုင်ကို တီထွင်ခဲ့သူ ယူရီယက်ချ်အသာတန်ဘွိုင်ဒင် (၁၈၀၄-၁၈၇၉)

ယနေ့ခေတ်တွင် လူနေတိုက်တာ အဆောက်အအုံများ၊ အိမ်များ စသည်တို့ကို ဆောက်လုပ်ရာတွင် သစ်သားများကို တွဲဆက်ရန် သံကို နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြု နေကြသည်။ အဆောက်အအုံတွင် ထုပ်၊ လှောက်၊ ရက်မ၊ မြားတန်း စသည်တို့ကို ထည့်သွင်းဆောက်လုပ်ရာ၌ ယင်းသစ်သားများကို ခိုင်မာ မြဲမြံစွာ တွဲဆက်နိုင်ရန် သံမှိုဖြင့်ရိုက်ကာ တွဲဆက်ကြရသည်။

မွေးဖွားခဲ့

ထိုသို့ အသုံးပြုနေသော သံမှိုများ ထုတ်လုပ်သည့် စက်ကို တီထွင်ခဲ့သူ ဆက်သ်ဘွိုင်ဒင် **(ယာပုံ)** အား အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဖောက်စ်ဘိုရပ်ချ်မြို့၌ ၁၇၈၈ခုနှစ် နိုဝင်ဘာ ၁၇ရက်၌ မွေးဖွားခဲ့သည်။

တီထွင်နိုင်

ဆက်သ်ဘွိုင်ဒင်သည် ငယ်ရွယ်စဉ်က ဖခင်ဖြစ်သူ၏ လယ်ယာလုပ်ငန်း၌ ဝင်ရောက် ကူညီလုပ်ကိုင်ရင်း တစ်ဖက်ကလည်း သာမန်ကျောင်းတစ်ကျောင်းတွင် ကျောင်းတက်ရောက်ခဲ့သည်။ သူသည် မဖြစ်စလောက် ရတတ်သမျှ အားလပ်ချိန်လေးများကို ပန်းပဲလုပ်ငန်း၌ မြှုပ်နှံထားသည်။ အသက် ၂၁ နှစ်အရွယ်တွင် အိမ်ရိုက်သံမှိုများ ထုတ်လုပ်မှုကို စိတ်ဝင်စားခဲ့ပြီး သူကိုယ်တိုင် စီမံပြုလုပ်ထားသော ခေတ်မီ သံထုတ်လုပ်သည့် စက်ကို တီထွင်နိုင်ခဲ့သည်။

ထုတ်လုပ်ပေးခဲ့

သူသည် မူလက သူ၏ ဖခင်တီထွင်ထားသော အလျားလိုက် သားရေခွဲစက်ကို သိုးသားရေ အလျားလိုက် အလွှာပါးပါး ခွဲစက်အဖြစ် ပြုပြင်ပြောင်းလဲ တီထွင်ကာ

စာအုပ်ချုပ်သူများအသုံးပြုရန် ပါးလွှာသော သားရေပါးများကို ထုတ်လုပ်ပေးခဲ့သည်။

ရောင်းချနိုင်ခဲ့

ဆက်သ်ဘွိုင်ဒင်သည် ၁၈၁၃ ခုနှစ်တွင် ၎င်း၏ညီ ယူရီယက်ချ်အသာတန်ဘွိုင်ဒင်နှင့်အတူ နယူးအော့ခ်မြို့တွင် သားရေလွှာ စီးပွားရေးလုပ်ငန်း ထူထောင်ခဲ့သည်။ ၁၈၁၆ခုနှစ်တွင် သူ၏ မူလ သံမှိုထုတ်စက်ကို ပိုမိုခေတ်မီအောင် ပြုပြင် ဖန်တီး တီထွင်ခဲ့သည်။ ထို့နောက် သူသည် သားရေကိုသိသိသာသာ တိုးမြှင့် ထုတ်လုပ်ခဲ့ပြီး ၁၈၁၉ခုနှစ်တွင် ပိုမိုအရည်အသွေး ကောင်းမွန်သော သားရေပစ္စည်းများကို ထုတ်လုပ်ကာ ၁၈၃၁ခုနှစ်တိုင်အောင် ရောင်းချနိုင်ခဲ့သည်။

ထုတ်လုပ်

ထိုအတောအတွင်း သူသည် ပုံသွင်း၍ လွယ်ကူသောသံများကို ပုံသွင်းထုတ်လုပ်ခဲ့ပြီး အောင်မြင်မှုရရှိကာ ၁၈၃၁ခုနှစ်မှ ၁၈၃၅ ခုနှစ်တိုင်အောင် ထုတ်လုပ်ရောင်းချနိုင်ခဲ့သည်။ ဆက်သ်ဘွိုင်ဒင်သည် နောက်ပိုင်းနှစ်များတွင် ရေနွေးငွေ့ အင်ဂျင်ထုတ်လုပ်မှု၌ စိတ်ဝင်စားခဲ့သည်။ သူသည် သူ့အတွက် အလုပ်ရုံတစ်ခုကို ဆောက်လုပ်ကာ မူသေထိုင်ထားသည့် ရေနွေးငွေ့ အင်ဂျင်များတွင် အသုံးပြုလေ့ရှိသော စက်အထိုင်သံမဏိပြားများနှင့် မီးရထားများ၌ ဂေါက်တံအစားထိုးသည့် ဝင်ရိုးအဖြောင့်များကို တီထွင်ထုတ်လုပ်ခဲ့သည်။

ပူးပေါင်း

ဆက်သ်ဘွိုင်ဒင်သည် နောက်ဆုံးပိတ် အဓိကအရေးပါဆုံး တီထွင်မှုအဖြစ် လောင်စာဆီကို ထိန်းချုပ်ခြင်းအားဖြင့် အရှိန်ထိန်းသော ကိရိယာကို သူ၏ဖခင်နှင့်အတူ ပူးပေါင်းတီထွင်ခဲ့သည်။

အောင်မြင်ခဲ့

၁၈၄၉ ခုနှစ်တွင် သူ၏ စီးပွားရေးလုပ်ငန်းကိုပိတ်ကာ ကယ်လီဖိုးနီးယားသို့ ရွှေကိုလှူင့် ထွက်ခွာခဲ့သည်။ သို့ရာတွင် အောင်မြင်မှုမရှိသဖြင့် နှစ်နှစ်မျှကြာသော အခါ သူ၏ဇာတိသို့ပြန်လာပြီး စိုက်ပျိုးရေးကို စတင်စမ်းသပ် လုပ်ကိုင်ပြန်သည်။ သူသည် အမျိုးမျိုးသော အရွယ်အစားနှင့် အရည်အသွေးမတူညီသည့် စတော်ဘယ်ရီမျိုးစိတ်အသစ်များ စိုက်ပျိုးထုတ်လုပ် အောင်မြင်ခဲ့သည်။

အခြား တီထွင်မှုများကို ပြုလုပ်ခဲ့သေးသော်လည်း ဈေးကွက်တွင် အောင်မြင်မှုမရခဲ့ချေ။ လုပ်ငန်းမအောင်မြင်မှုကြောင့် အခြားသော တီထွင်သူများကဲ့သို့ပင် အလုပ်သမား နစ်နာကြေး၊ လျော်ကြေးများပေးခဲ့ရသည့်အပြင် သူ၏ အလုပ်သမားများသည် အခြားတီထွင်ပညာရှင်များ၏ အလုပ်သမားများ ဖြစ်သွားကြတော့သည်။

ဆက်သ်ဘွိုင်ဒင်၏ ဘဝသည် နောက်ဆုံးတွင် အချိန်ကုန်ကာ လူပင်ပန်းခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။

ကွယ်လွန်

သံမှိုထုတ်လုပ်သည့် စက်ကိုတီထွင်ခဲ့သူဆက်သ်ဘွိုင်ဒင်သည် ၁၈၇၀ပြည့်နှစ် မတ်၁၁ရက် အသက်(၈၂)နှစ် အရွယ်၌ အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် မစ်ဒယ်လ်ဗီလီမြို့တွင် ကွယ်လွန်ခဲ့သည်။

စုံလင်စွာရရှိ

ဆက်သ်ဘွိုင်ဒင်၏ ညီ တီထွင်ပညာရှင် ယူရီယက်ချ်အသာတန်ဘွိုင်ဒင်သည်လည်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဖောက်စ်ဘိုရပ်ချ်မြို့၌ ၁၈၀၄ခုနှစ် ဖေဖော်ဝါရီ၁၇ရက်တွင် မွေးဖွားခဲ့သည်။ သူ၏ငယ်စဉ်ဘဝတွင် ပန်းပဲဖိုရှိ သတ္တုကျိုသည့် ဖိုတွင်ပင် အလုပ်လုပ်ခဲ့သည်။ ထို့ကြောင့် ယူရီသည် အလုပ်လုပ်ကိုင်ရင်းမှ စက်မှုဆိုင်ရာ ကျွမ်းကျင်မှုများအပြင် သတ္တုပစ္စည်းများနှင့်ပတ်သက်သော ဗဟုသုတစုံလင်စွာ ရရှိခဲ့သည်။

လေ့လာစေ့ငုခဲ့

နောက်ပိုင်းတွင် ယူရီသည် အင်ဂျင်နီယာတစ်ဦးဖြစ်လာကာ ဘော့စတွန်မှ နာရှူးအာသို့ ရထားလမ်း ဖောက်လုပ်သည့် စီမံကိန်းတွင် အလုပ်ရရှိခဲ့သည်။ ထို့နောက်သူသည် ဟိုက်ဒရောလစ် အင်ဂျင်နီယာ ပညာဘက်သို့ စိတ်ပါဝင်စားကာ တစိုက်မတ်မတ်လေ့လာခဲ့ပြီး လိုဝဲလ်နှင့်မန်ချက်စတာတို့တွင် အလုပ်ရရှိခဲ့ပြန်သည်။ ထိုသို့ လုပ်ကိုင်နေစဉ် အချိန်ရရှိကာ လေ့လာမှုကြောင့် ရေအားဖြင့် ဘီးများကို လည်ပတ်စေသည့် တာဘိုင်၏ သဘောတရားကို လေ့လာစေ့ငုခဲ့မိသည်။

အသုံးဝင်

ထို့ကြောင့် ယူရီသည် တာဘိုင်တီထွင်မှု၏ ၆၅ရာခိုင်နှုန်းကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သည်။ ၁၈၅၁ခုနှစ်တွင် ယူရီသည် ဘော့စတွန်မြို့သို့ ပြန်လည်အခြေချကာ သူ၏ဘဝကို ရူပဗေဒနှင့် ဓာတုဗေဒ လေ့လာမှုများ၌ မြှုပ်နှံခဲ့သည်။ ယူရီသည် ၁၈၇၉ခုနှစ် အောက်တိုဘာ၁၇ရက်တွင် ဘော့စတွန်မြို့၌ ကွယ်လွန်ခဲ့သည်။ အစ်ကိုဖြစ်သူ ဆက်သ်ဘွိုင်ဒင် တီထွင်ခဲ့သည့် သံမှိုထုတ်စက်နှင့် ညီ ဖြစ်သူ ယူရီယက်ချ်အသာတန်ဘွိုင်ဒင် တီထွင်ခဲ့သော တာဘိုင်စက်များသည် လူ့ဘောင်လောကအတွက် ယနေ့တိုင် အသုံးဝင် တွင်ကျယ်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ရေးသားသည်

ဆက်သ်ဘွိုင်ဒင်သည် ငယ်ရွယ်စဉ်က ဖခင်ဖြစ်သူ၏ လယ်ယာလုပ်ငန်း၌ ဝင်ရောက်ကူညီ လုပ်ကိုင်ရင်း တစ်ဖက်ကလည်း သာမန်ကျောင်းတစ်ကျောင်းတွင် ကျောင်းတက်ရောက်ခဲ့၊ သူသည် မဖြစ်စလောက် ရတတ်သမျှ အားလပ်ချိန်လေးများကို ပန်းပဲလုပ်ငန်း၌ မြှုပ်နှံထား၊ အသက် ၂၁နှစ်အရွယ်တွင် အိမ်ရိုက် သံမှိုများ ထုတ်လုပ်မှုကို စိတ်ဝင်စားခဲ့ပြီး သူကိုယ်တိုင် စီမံပြုလုပ်ထားသော ခေတ်မီသံထုတ်လုပ်သည့်စက်ကို တီထွင်နိုင်ခဲ့။

တည်ဆောက်မှု နည်းပညာသိပ္ပံ



ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံ အဘူဂျေဒူဘိုင်း

အဘူဒါဘီ ဇန်နဝါရီ ၁၄

နှစ်ပေါင်း၁၀၀အတွင်း ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံများ အပြိုင်အဆိုင်တည်ဆောက်ခဲ့ရာ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော အဘူဂျေဒူဘိုင်း အဆောက်အအုံမှာ ကမ္ဘာပေါ်၌ အမြင့်ဆုံးအဆောက်အအုံဖြစ်လာမည် ဖြစ်သည်။

အပြီးသတ်

တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီက အဓိက တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ပြီး စတင်ဆောက်လုပ်ခဲ့သည်မှာ ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က ဖြစ်သည်။ အပြီးသတ် တည်ဆောက်မှုကို ၂၀၀၈ခုနှစ်တွင် ၉၀ရာခိုင်နှုန်းပြီးစီးခဲ့သည်။ မကြာမီ အဆောက်အအုံဖွင့်ပွဲ ကျင်းပနိုင်တော့မည် ဖြစ်သည်။

လက်ရှိအချိန်၌ ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံမှာ တရုတ်(တိုင်ပေ)မှ အထပ်ပေါင်း ၁၀၁ထပ်ရှိပြီး မီတာ ၅၀၀ကျော်မြင့်သည့် လူနေအဆောက်အအုံဖြစ်သည်။ ထို့ကြောင့် ယခုအဆောက်အအုံပြီးစီးသွားပါက အထပ်ပေါင်း ၁၆၀ရှိကာ အမြင့်မီတာ ၇၀၀ကျော်ရှိသဖြင့် ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်လာမည် ဖြစ်သည်။

မိမိတို့အနေဖြင့် မီတာ ၁၀၀၀ကျော် အမြင့်ရှိသော အဆောက်အအုံကြီးအဖြစ် တည်ဆောက်နိုင်သော်လည်း စီးပွားရေးပြဿနာရိုက်ခတ်မှုကြောင့် အမြင့်မီတာ ၇၀၀ခန့်ဖြင့်သာ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ဖြည့်ဆည်းပေး

အဆောက်အအုံကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ ကုန်ကျခဲ့ပြီး ကြမ်းခင်းဧရိယာ အကျယ်အဝန်းမှာ ဘောလုံးကွင်း ၁၇ကွင်းစာမျှရှိကြောင်း အဆောက်အအုံတည်ဆောက်သည့် အရာရှိများက ပြောကြားသည်။ အဆိုပါ အဆောက်အအုံသို့ တစ်နေ့လျှင် ရေဂါလန် ၂၅၀၀၀၀သုံးစွဲနိုင်အောင် ဖြည့်ဆည်းပေးထားသည်။

လောလောဆယ်အချိန်၌ အဆောက်အအုံအတွင်း ဝပ် ၁၀၀အားရှိသော မီးလုံးပေါင်း ၃၆၀၀၀၀ကို တပ်ဆင်ပေးထားသည်။ ဓာတ်လှေကားများ၊ ကစားကွင်းများ၊ စားသောက်ခန်းမများ၊ ဆွေးနွေးပွဲခန်းမများ စသည်တို့ပြုလုပ်ထားသည်။ ယခုအခါ အချို့ခန်းမများကို ကြိုတင်ရောင်းချနေပြီဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။
၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲတပ်ဖွဲ့စည်းဝေး

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး အမှာစကားပြောကြား

ကျိုင်းတုံ ဇန်နဝါရီ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရဲတပ်ဖွဲ့ ၂၀၀၈ခုနှစ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁ရက် နံနက် ၇နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဖြိုးက အဖွင့်အမှာစကားပြောကြားသည်။

ထောက်ပံ့လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က ၂၀၀၈ခုနှစ် ဒုတိယလေးလပတ်ကာလအတွင်း ဆောင်ရွက်ခဲ့သော နယ်မြေလုံခြုံရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ ဖော်ထုတ်တရားစွဲတင်နိုင်မှု၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပညာပေးမှု၊ ဘိန်းခင်းဖျက်ဆီးနိုင်မှု ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှု၊ ဖမ်းဆီးအရေးယူမှု၊ ဆယ်အိမ်စုမှူးများကို အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်မည့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးကလိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရဲတပ်ဖွဲ့အတွက် သာရေး၊ နာရေးရန်ပုံငွေ ကျပ်သိန်း ၅၀ကို ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြောက်ဥက္ကလာပ အထက(၁)

ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၁ရက် ညနေ၄နာရီက အထကမေတ္တာရိပ်ရင်ပြင်၌ ကျင်းပရာ အခမ်းအနားအစီအစဉ်အရ ကျောင်းအုပ် ဆရာကြီးဟောင်း ဦးမောင်မောင်စိုးတင့် (အငြိမ်းစားသံအမတ်ကြီး)နှင့် ထူးချွန် ကျောင်းသားနှစ်ဦးတို့က ဦးဆောင်ပြီး ဆီမီးတိုင်များထွန်းညှိပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် ကွယ်လွန်သူဆရာကြီး ဆရာမကြီးများအား မေတ္တာပို့ အမျှအတန်း ပေးဝေကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက်ကျောင်းအတွက် သောက်ရေသန့်စက်နှင့် စတီးလ်အိုး၊ မြတ်ခရေခန်းမကြီး Sun Shade အတွက် အလှူငွေများကို ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဓဇဓောတရဦးအောင်ကြည်မြင့်က ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေထံပေးအပ်လှူဒါန်းပြီး ကျောင်းသားဟောင်း ကိုဆုတင်က မြို့နယ်အတွင်းရှိ ကျောင်းများအတွက် သန့်လေးသန့်ပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

သြဝါဒစကားပြောကြား

၄င်းနောက် ဆရာကြီး၊ ဆရာမကြီး ၁၉၆ဦးအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ငွေသားနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ကန်တော့ခံ

၄င်းနောက် ကန်တော့ခံ ကျောင်းအုပ်ဆရာကြီးများ ကိုယ်စား ဆရာမကြီးဒေါ်မြမြဆွေက လည်းကောင်း၊ ဆရာများကိုယ်စား ဦးစန်းဝင်း (ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)တို့က သြဝါဒစကား ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

ဒလမြို့နယ်၌ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၄

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပသောသားကောင်း မိခင်နှင့်ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ရက် နံနက်က အသင်းပိုင်သားဖွားခန်း၌ ကျင်းပရာ အဆိုပါပြိုင်ပွဲသို့ ကလေး ၇၀နှင့် မိခင် ၁၃ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်

ဒလမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းလှထွေးက ပထမဆုရသော ကလေးအမြွှာအား ဆုချီးမြှင့်ပြီး **(အောက်ပုံ)** ကျန်အဖွဲ့ဝင်များက ဆုရရှိသူ ကလေးငယ်များနှင့် သားကောင်းမိခင်ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပူဇော်ကန်တော့

မြောက်ဥက္ကလာပမြို့နယ် အထက (၁) ကျောင်းသား ကျောင်းသူ ဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားတွင် ဆရာဆရာမကြီးများအား ကျောင်းသား ကျောင်းသူ ဟောင်းများက ပူဇော်ကန်တော့ကြစဉ်။

(မြန်မာ့အလင်း)

လက်ခံယူ

ဒီဇင်ဘာ ၂၆ရက်က ရန်ကုန်မြို့ မြို့မဈေးရိပ်သာပိုင်ရှင် ဦးသိန်းထွန်းနှင့် သားသမီးတစ်စုတို့က ကွယ်လွန်သူမိခင်ကြီး ဒေါ်စိန်စိန်(၈၅)နှစ်အား ရည်စူး၍ အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကျော်ရှိန်က လက်ခံယူစဉ်။

(ဘိုးဘွားရိပ်သာ)

ပေါက်ခေါင်းမြို့နယ်အခြေခံပညာမူလတန်းကျောင်းများ

မိသားစု ဆရာကန်တော့ပွဲကျင်းပ

ပေါက်ခေါင်း ဇန်နဝါရီ ၁၄

ပေါက်ခေါင်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်းများ မိသားစုဆရာဆရာမများ၏ ဒုတိယအကြိမ် သက်ပြည့်အငြိမ်းစား မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် မူလတန်းပြ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမတွင် ကျင်းပရာ ကန်တော့ခံအငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ် ပညာရေးမှူးများနှင့် မူလတန်းမိသားစုမှ ဆရာ ဆရာမများ တက်ရောက်သည်။

ဂါရဝပြုပေးအပ်

ရှေးဦးစွာ မြို့နယ် ပညာရေးမှူး ဒေါ်သိန်းညွန့်က အမှာစကားပြောကြားပြီး မူလတန်းအုပ်စု ဆရာကြီး ဦးကျော်လွင်က ကန်တော့ပွဲဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ အစီအစဉ်အရမျိုးဆက်သစ် မူလတန်းဆရာ ဆရာမများက အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကန်တော့ကြပြီး မျိုးဆက်သစ်မူလတန်း ဆရာမလေးများက ကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကန်တော့ငွေများကို ဂါရဝပြုပေးအပ်သည်။

သြဝါဒစကား

ထို့နောက် အငြိမ်းစား မြို့နယ်ပညာရေးမှူး ဦးမောင်လေး၊ အငြိမ်းစား မူလတန်းပြ ဆရာကြီးဦးဟန်စိန်နှင့် ဦးသောင်းရွှေတို့က သြဝါဒစကားများ ပြောကြားကြသည်။ **(ပညာရေး)**

ကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရပ်ကွက်အတွင်းရှိ ငါးနှစ်အောက်ကလေးများအား ဇန်နဝါရီ ၁၀ရက်က ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးစဉ်။ (၁၃၃)

မူးယစ်ကင်းစင် အလှဆင်

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

အခြေခံရေးဦးပြုစုနည်း သင်တန်းဆင်း

စဉ့်ကူးမြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သော အခြေခံရှေးဦးပြုစုနည်း သင်တန်း (၁/၂၀၀၈)သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၀နာရီက ရွှေပြည် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်း မောင်လှက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်နှင့် ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြုဝိုင်းမော်၌ မာရသွန်အပြေးပြိုင်

ဝိုင်းမော်မြို့နယ် အား/ကာကော်မတီမှ ကြီးမှူးပြီး (၆၁)နှစ်မြောက် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၈ရက် နံနက် ၅နာရီခွဲက ဝိုင်းမော်လမ်းဆုံမှ ဝါရှောင်ဆည်အထိ အသွားအပြန် ၂၄ မိုင် မာရသွန်အပြေးပြိုင်ပွဲကို ကျင်းပပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြ သည်။ (မြို့နယ် ပြန်/ဆက်)

ဘားအံ အထက(၁) အာစရိယပူဇော်

ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူ ဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၄ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း မြသံလွင်ခန်းမ၌ ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌဦးငွေစိုးက ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အသက် (၆၀)နှင့်အထက် ဆရာ ဆရာမများအား အလှူငွေနှင့်လက်ဆောင်ပစ္စည်းများဖြင့် ပူဇော် ကန်တော့ကြသည်။ **(၀၀၈)**

ခင်ဦး၌ အသိပညာပေး မှုခင်းကျဆင်းရေးဟောပြော

ခင်ဦးမြို့နယ် သာဝတ္ထိကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အသိပညာ ပေး မှုခင်းကျဆင်းရေးဟောပြောပွဲကို ဇန်နဝါရီ ၃ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဦးတင်စိန်၊ မြို့နယ်တရားသူကြီး ဦးခင်မောင်စိန့်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုရဲအုပ်အေးနိုင်တို့က မှုခင်းဆိုင်ရာ ဥပဒေများကို ပညာပေး ရှင်းလင်း ပြောကြားသည်။ (၁၈၂)

လွတ်လပ်ရေးနေ့ဂုဏ်ပြု အားကစားပြိုင်ပွဲကျင်းပ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၄ရက် ညနေ၃နာရီက ပြင်ဦးလွင်မြို့ အမှတ်(၂၂) အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်း၌ကျင်းပရာ ပဒေသာကွက်သစ် ရပ်ကွက်ကြီး(၈) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက် အားပေးကြပြီး ရပ်ကွက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကြသည်။ **(၀၈၈)**

နွားထိုးကြီး အထက၌ ပညာရည်ချွန်ဆုချီးမြှင့်

၂၀၀၈-၂၀၀၉ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်း အနားကို ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီက နွားထိုးကြီး အခြေခံပညာ အထက်တန်း ကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်ပညာရေးမှူးဦးဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ကျောင်းသား ကျောင်းသူ များ တက်ရောက်ကြသည်။ (၀၈၉)

ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ပေး

သမဝါယမဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ကျောက်ဆည်မြို့နယ် ပနန်-ပန်းခွာ ကျေးလက် ဒေသရှိ သမဝါယမအသင်းသား တောင်သူများသို့ ၂၀၀၈ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုး စရိတ် ချေးငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက ပနန်ကျေးရွာ၌ ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းက အသေးစား ငွေချေးစနစ်ဖြင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ **(သမဝါယမ)**

ပတ်ဝန်းကျင်သန့်ရှင်းရေးဗန်းမော်၌ အလုပ်ရုံဆွေးနွေး

မြို့နယ်အဆင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ချက်များ ပြန်လည် ဆန်းစစ်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့ အထွေထွေရောဂါကုဆေးရုံကြီး သင်တန်းခန်းမ၌ကျင်းပရာ မြို့နယ် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြင့် ကြည်တို့ တက်ရောက် အမှာစကားပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအင်အား ၄၀ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

စုပေါင်းလမ်းလျှောက်ပွဲ ကသာ၌ဆင်နွှဲ

စစ်ကိုင်းတိုင်း ကသာခရိုင်တွင် ဒီဇင်ဘာ ၂၀ရက်က လူထုစုပေါင်းလမ်းလျှောက် ပွဲကျင်းပရာ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များနှင့် ပြည်သူလူထု ၅၃၅၀တို့ ပါဝင်ဆင်နွှဲ သည်။ **(၀၃၂)**

မြင်းမူ၌ ကလေးပြိုင်ပွဲပြုလုပ်

မြင်းမူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူး၍ လွတ်လပ် ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မညိုက အဖွင့် အမှာစကားပြောကြားပြီး ဆုရရှိသည့် ကလေးများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။ (၀၃၅)

ဒီဇင်ဘာ ၁၂ရက်က မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ချောင်းဆုံမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက် လျက်ရှိသော တေဇဉယျာဉ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းများ နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူ များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ ကဏန်း လုပ်ငန်းရှင်များအသင်းနှင့် အလှမွေးငါး လုပ်ငန်းရှင်များအသင်းတို့၏ နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည် ဖြစ်ရာ အဆိုပါအသင်းငါးသင်းတို့မှ အသင်း ဝင်များအနေဖြင့် ဖိတ်ကြားစာ ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြ ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အာဟာရဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကူညီ

ကျန်းမာရေးပညာပေးမှုလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် တာဝန်ရှိပုဂ္ဂိုလ် များ လိုက်ပါလျက် ယမန်နေ့ နံနက် ၈နာရီ က စမ်းချောင်းမြို့နယ် ဗားကရာလမ်း၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသမှု လုပ်ငန်း ဆောင်ရွက်မှုများကို သွားရောက် ကြည့်ရှုအားပေးသည်။ **(အောက်ယာပုံ)**

မှာကြား

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်း၍ ပြည်သူ့ကျန်းမာရေး လုပ်ငန်း တွင်အရေးကြီးဆုံးကဏ္ဍဖြစ်သည့်တစ်ကိုယ် ရေ သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်း ရေးနှင့် အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပူးပေါင်းက ကျန်းမာရေး ပညာပေးမှုလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့ သည် သက်ကြီးရွယ်အိုများအား အားဆေး များဝေငှပေးပြီး ခွဲစိတ်အထူးကု၊ မျက်စိ အထူးကု၊ သမားတော်အဖွဲ့၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုနှင့် တိုင်းရင်းဆေး သမားတော်များ၏ အခမဲ့ကုသမှုများကို ကြည့်ရှုအားပေးက ပြည်သူများအား နှုတ်ဆက်ကြသည်။

ကျန်းမာရေးပညာပေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့ သည် စမ်းချောင်းမြို့နယ် ကျန်းမာရေး ဦးစီးဌာန၌ အထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်း ကုသမှုများကို ကြည့်ရှုပြီး စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း

(တောင်)ရပ်ကွက်၌ကျင်းပသည့် ကျန်းမာ ရေး ပညာပေးဟောပြောပွဲသို့ တက်ရောက် အားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ သည် မိုးမခလမ်းနှင့် ပြည်သူ့ကွက်သစ်(၁) လမ်းရှိ ခြင်နှိမ်နင်းရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂ရက်က ဗဟန်းမြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဂုဏ်ပြုမှတ်တမ်း ပေးအပ် ပွဲတွင် စတုတ္ထတန်းမှ ပထမဆုရ မောင်ဇင်မင်းထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေးမာလွင်က ဆုချီးမြှင့်စဉ်။ (၁၃၅)

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကျားကွက်သစ်(စံပြ)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အတွက် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဇော်သန်းနှင့်အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် များနှင့် လမ်းသာယာရေးအဖွဲ့တို့ ဇန်နဝါရီ ၁၁ရက်က ရပ်ကွက်အတွင်းရှိ ရေမြောင်း များ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၇၁)

● ရွှေဖုံးမှ

ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမော်က ပဏာမရှင်းလင်းပြောကြားရာတွင် “မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာ့စစ်မတိုင်မီက နိုင်ငံတကာသို့ ဆန်တင်ပို့မှု နံပါတ်တစ်အဆင့်၌ ရပ်တည်ခဲ့ရာ ၁၉၅၄ ခုနှစ် ကိုရီးယားစစ်ပွဲကာလအထိ ထိုအဆင့်တွင်ရှိခဲ့သည်ဟု ဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းတွင် ဧရာဝတီတိုင်းနှင့် အထက်ပိုင်းတွင်စစ်ကိုင်းတိုင်းတို့သည် ဆန်စပါးအပြည့်အဝ ထုတ်လုပ်ပေးနိုင်သည့် ဒေသကြီးများဖြစ်ကြောင်း၊ ထိုသို့ဆန်စပါးထုတ်လုပ်ရာတွင်လည်း နိုင်ငံတစ်ဝန်း သမားရိုးကျကျွဲနွားဖြင့် စိုက်ပျိုးထုတ်လုပ်ရာမှ စက်မှုလယ်ယာအသွင်သို့တဖြည်းဖြည်းပြောင်းလဲလာခဲ့ကြောင်း၊ယခုအခါစက်မှုလယ်ယာသို့ အရှိန်အဟုန်ဖြင့် ပြောင်းလဲနိုင်ရေးအတွက်ကျောက်ဆည်မြို့နယ် အင်းကုန်းရွာအနီးတွင် တရုတ်နိုင်ငံမှ အထောက်အပံ့ဖြင့် လယ်ယာသုံးခေတ်မီ စက်ကိရိယာများ ထုတ်လုပ်ပေးနိုင်သည့် စက်ရုံကြီး တစ်ရုံကို တည်ဆောက်ကာ ထုတ်လုပ်ပေးလျက်ရှိနေပြီ ဖြစ်ကြောင်း၊ စက်မှုလယ်ယာသို့ပြောင်းလဲရာတွင်မြေယာပြုပြင်ရေးလုပ်ငန်းမှသည် ရိတ်သိမ်းခြွေလှေ့ရေးအထိ စက်စွမ်းအားများ တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ရိတ်သိမ်းခြွေလှေ့ရေးအပိုင်းတွင် စက်နှစ်မျိုးရှိရာ ရိုးရိုးရိတ်သိမ်းစက်နှင့် ရိတ်သိမ်းခြွေလှေ့စက်ဟူ၍ ဖြစ်ကြောင်း၊ ယနေ့ရှင်းလင်းတင်ပြမည့်စက်မှာခေတ်မီရိတ်သိမ်းခြွေလှေ့စက် အမျိုးအစား ဖြစ်ကြောင်း၊ အဆိုပါစက်ကို တီထွင်ခဲ့ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သီးနှံစိုက်စွမ်းအား နှင့် အရည်အသွေး တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ရိတ်သိမ်းခြွေလှေ့ခြင်း အပိုင်း၌ မြန်မာ့လယ်ယာမြေနှင့်

“စပါး အလေအလွင့်ဟာ အလွန်နည်းပါးပြီး အမှုန်အမွှား ပါဝင်မှုလည်း အလွန်ကင်းစင်တာ တွေ့ရမှာ ဖြစ်ပါတယ်”

ဦးအေးသန်း
စက်ရုံမှူး
အမှတ်(၁)ပင်မစက်ပြင်အလုပ်ရုံ

ကိုက်ညီပြီး တောင်သူများ ပိုမိုကြိုက်နှစ်သက် သော Head Feed Type Combine Harvester များကို ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုစက် အမျိုးအစားသည် စပါးအနံ့ကို ခြွေလှေ့ပေးသဖြင့် ရိတ်သိမ်းမှု မြန်ဆန်ပြီး စပါးသန့်စင်မှု ကောင်းမွန်ကာ ဆန်အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့် စက်အမျိုးအစားဖြစ်ကြောင်း၊ ထို့ကြောင့် အာရှဒေသ

“စက်မှုလယ်ယာစနစ်ရောက်အောင် သင့်တော်မယ့်စက်ကိရိယာတွေ တီထွင် ထုတ်လုပ်ပေးနေပါတယ်”

ဦးစိုးလှိုင်
ညွှန်ကြားရေးမှူး
စက်ရုံနှင့်သုတေသနဌာန

အတွင်းရှိနိုင်ငံအချို့တွင် တောင်သူများနှစ်သက်လက်ခံသည့်စက်အမျိုးအစားများကို နမူနာယူကာ ပြည်တွင်းရှိ ပညာရှင်များ၏ စွမ်းအားနှင့် စက်စွမ်းအား ပေါင်းစပ်၍ တီထွင်ထုတ်လုပ် အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁ ရက်က စတင်၍ လုပ်ငန်းဆောင်ရွက်ခဲ့ကြပြီး ယနေ့အထိ စပါးစိုက် ရာသီနှစ်ခုအတွင်း လက်တွေ့လယ်ကွင်းအတွင်း၌ အကြိမ်ကြိမ် စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ အာရှနိုင်ငံအချို့မှ ထုတ်လုပ်သည့် အလားတူ စက်စွမ်းရည်ရှိ အမျိုးအစား များနှင့်တန်းတူ ရိတ်သိမ်းခြွေလှေ့နိုင်မှု ရရှိခဲ့ပြီဖြစ်၍ ယခုကဲ့သို့ ဖိတ်ကြား အသိပေးသင့်သူများကို ဖိတ်ကြားရှင်းလင်း တင်ပြရခြင်းဖြစ်ကြောင်း” ပြောကြားသွားသည်။

စက်မှုလယ်ယာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ကိရိယာများကို ရှင်းလင်းပြသခဲ့စဉ်။ (မြန်မာ့အလင်း)

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့်အမှတ်(၁)ပင်မစက်ပြင် အလုပ်ရုံမှ စက်ရုံမှူး ဦးအေးသန်းတို့က စက်တီထွင်မှု အဆင့်ဆင့်နှင့် စက်စွမ်းရည်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကာ တီထွင်ထုတ်လုပ်ထားသည့် စက်ကိရိယာ အစိတ်အပိုင်းများကို ရှင်းလင်းပြသကြသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်ကို တီထွင်ထုတ်လုပ်ကြရာတွင် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁ရက်မှစ၍ စက်မှုလယ်ယာ ဦးစီးဌာန လက်အောက်ရှိ မရမ်းကုန်းမြို့နယ် အမှတ် (၁) ထုတ်လုပ်ရေးစက်ရုံ ကျိုက္ကလို့ရှိ အမှတ်(၁)

“ကျပ်သိန်းပေါင်း ၃၅၀ခန့် ပြည်ပငွေသက်သာသွားပါတယ်”

ဦးအောင်စိုး
ဒုတိယညွှန်ကြားရေးမှူး

ပင်မ စက်ပြင်စက်ရုံ၊ အမှတ် (၃)နှင့် အမှတ် (၄)ထုတ်လုပ်ရေးစက်ရုံများနှင့် ရန်ကုန် ရွာသာကြီးရှိ အမှတ်(၅) ထုတ်လုပ်ရေး စက်ရုံစသည့်စက်ရုံကြီး ငါးရုံက ကဏ္ဍအလိုက် စက်ပစ္စည်း အစိတ်အပိုင်းများကို တာဝန်ခွဲဝေကာ ထုတ်လုပ်ခဲ့ကြသည်ဟု သိရသည်။

စက်ကြီးတစ်စီးစာအတွက် စက်ကိရိယာ အစိတ်အပိုင်းပေါင်း ၁၂၆၃ ခုရှိရာ ပြည်တွင်းစက်ရုံကြီး ငါးရုံက ၉၉၀ခုထုတ်လုပ်ပေးနိုင်ခဲ့ပြီးကျန်သည့် အစိတ်အပိုင်းပေါင်း၂၇၃ခုကို တရုတ်နိုင်ငံမှမှာယူတင်သွင်းခဲ့သည်။ ထိုစက်အစိတ်အပိုင်းများကို အုပ်စုအားဖြင့်ဖွဲ့လိုက်လျှင် ၁၄၆စုရှိရာ ပြည်တွင်း၌ ၁၃၅စုနှင့် ပြည်ပမှ ၁၁စုတင်သွင်းခဲ့ရသည်ဟု သိရသည်။

“စက်တစ်စီးစာအတွက် ပြည်တွင်းဖြစ် ၈၀ရာခိုင်နှုန်းနဲ့ ပြည်ပမှ ၂၀ ရာခိုင်နှုန်း ပေါင်းစပ်ထုတ်လုပ်ခဲ့ပါတယ်။

“ဒီစက်မျိုးကို ပြည်ပမှ မှာယူတင်သွင်းမယ်ဆိုရင် ကျပ်သိန်း ၆၀၀ လောက် တန်ဖိုးရှိပြီး အခုလို ပြည်တွင်းမှာ တီထွင်ထုတ်လုပ်လိုက်တဲ့အတွက် ကျပ်သိန်း ၂၅၀ခန့်သာ ကုန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် ကျပ်သိန်း ၃၅၀ခန့် ပြည်ပငွေ သက်သာသွားပါတယ်” ဟု ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်စိုးက ရှင်းပြခဲ့သည်။

အလားတူပင် စက်ရုံမှူး ဦးအေးသန်းကလည်း “အစိတ်အပိုင်းတွေ အားလုံး ပြည့်စုံတဲ့အခါမှာ ကျွန်တော့်စက်ရုံက တာဝန်ယူပြီး တပ်ဆင်ပေးရပါတယ်။ ပြီးတော့လက်တွေ့ စမ်းသပ် ရိတ်သိမ်းမှုတွေကို ၂၀၀၈ ဒီဇင်ဘာ ၄ရက်မှ ၁၁ရက်အတွင်း ရွာသာကြီးနဲ့ ဇန်နဝါရီ ၆ရက်မှ ၁၁ရက်အထိ မော်ဘီမြို့နယ်မှာ အကြိမ်ကြိမ် စမ်းသပ်ပြီး ထပ်မံပြုပြင်သင့်တာတွေ ပြုပြင်ခဲ့လို့ ယနေ့အဆင့် ရောက်ရှိခဲ့ခြင်း ဖြစ်ပါတယ်။ စက်စွမ်းအားအနေနဲ့ မြင်းကောင်ရေ၄၈ ကောင်အားနဲ့ တစ်ဧက စပါးခင်းကို နှစ်နာရီအတွင်း ရိတ်သိမ်းခြွေလှေ့ ပေးနိုင်ပါတယ်။ ဆီစားနှုန်းက တစ်နာရီ ဒီဇယ်၁ဒသမ၂၅ ဂါလန် နှုန်းပဲရှိပါတယ်။ ရိတ်သိမ်းပြီး စပါး အလေအလွင့်ဟာ အလွန်နည်းပါး၍ အမှုန်အမွှား ပါဝင်မှုလည်း အလွန်ကင်းစင်တာ တွေ့ရမှာ ဖြစ်ပါတယ်” ဟု ရှင်းပြကာ ကြွရောက်လာသူများအား ခြွေလှေ့ပြီး အသင့်

“ဒီစက်မျိုးနဲ့သာ ရိတ်သိမ်းခြွေလှေ့ရင် နောက်တစ်ရာသီ ကောင်းကောင်း ထပ်စိုက်နိုင်ပါတယ်”

ဦးစံမြင့်
တောင်သူလယ်သမား

ကျလာသည့် စပါးအိတ်များထဲမှ စပါးများကို လက်တွေ့ ကိုင်တွယ်ပြသသည်။

မြန်မာနိုင်ငံတွင် စက်မှုလယ်ယာ ဦးစီးဌာန၌ ယခင်က နိုင်ငံခြားဖြစ် စက်များဖြင့် တောင်သူများ၏ လယ်များ၌ တစ်ဧကလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် အငှားရိတ်သိမ်းပေးခဲ့ဖူးရာ ယခုစက်ကို တီထွင်သုံးစွဲနိုင်ခဲ့ပြီဖြစ်၍နောက်ထပ်ငါးစီးထပ်မံတပ်ဆင်ကာ တောင်သူများအတွက် သင့်တင့်သောနှုန်းဖြင့် ငှားရမ်း ရိတ်သိမ်းပေးနိုင်တော့မည့်အပြင် အပြီးဝယ်ယူသုံးစွဲလိုသူများအတွက်လည်း နောင်အခါတွင် ထုတ်လုပ်ရောင်းချပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်အစီအစဉ်များရှိကြောင်း ကြားသိရသည်။ ။**(မြန်မာ့အလင်း)**



ပြည်တွင်းမှ တီထွင်ထုတ်လုပ်ထားသော စက်ကိရိယာ အစိတ်အပိုင်းများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

သွေးပေါင်

ရာသီဥတု အပြောင်းအလဲသည် သွေးပေါင်ချိန် အတက်အကျ ဖြစ်ပေါ်စေပြီး အထူးသဖြင့် အေးသောရာသီဥတုသည် မိုးနှင့် နွေရာသီတို့ထက် သွေးပေါင် မြင့်တက်စေကြောင်း ပြင်သစ်သုတေသန ပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

အသက်အရွယ် ကြီးရင့်လာသူများသည် သွေးကြောနံရံ ကြွက်သားများ ထိန်းချုပ်နိုင်မှု အားလျော့သွားပြီဖြစ်သဖြင့် သွေးလည်ပတ်စီးဆင်းမှု ပုံမှန်မရှိတော့ကြောင်း၊ ရာသီဥတု အေးချိန်တွင် သွေးလည်ပတ်မှု နှေးကွေးနေတတ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သတိပြုရန်

ထို့အပြင် အအေးဓာတ်ပိုမိုသောရာသီ၌ နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါများလည်း ကျန်ရာသီများထက်ပိုမိုဖြစ်ပွားတတ်သဖြင့် အထူးသတိပြုနေထိုင်ရန်လိုအပ်ကြောင်း သိရသည်။ အသက်၆၅နှစ်အထက်အမျိုးသား၊ အမျိုးသမီးကြီးများကိုသုတေသနပြုခဲ့ရာ ဆောင်းကာလ၌ သွေးတိုးပြီး သေဆုံးသူ ပိုများတတ်ကြောင်း သိရသည်။

❖ *ကျောဖုံးမှ*

သုတေသနပြု

လက်ညှိုးနှင့် လက်သူကြွယ် အရှည်တူညီသောသူများသည် အားကစားတွင် ထူးချွန်အောင်မြင်တတ်သည်ဟုဆို၏။ ကင်းဘရစ်ချ် တက္ကသိုလ်မှ ဂျွန်ကိတ်နှင့် ၎င်း၏သုတေသနအဖွဲ့သည် လန်ဒန်မြို့၌ တစ်နှစ်ပေါင်ငွေ လေးသန်းကျော် ဝင်ငွေရနေသော အမျိုးသားကုန်သည် ၄၄ဦးတို့၏ လက်ချောင်းများကို သုတေသနပြု စေ့ငုလေ့လာခဲ့ကြခြင်းဖြစ်သည်။

ယင်းကုန်သည်များအား လ၂၀ ကျော်လေ့လာခဲ့ရာ လက်သူကြွယ်ပိုရှည်သောသူများသည် လက်သူကြွယ် အတိုဆုံးသူများထက် ၁၁ဆပို၍ ဝင်ငွေကောင်းသည်ဟုဆို၏။

လေ့လာသုံးသပ်

ထိုလက်ပိုင်ရှင်များသည် လုပ်ငန်းများလုပ်ကိုင်ရာတွင် အတွေ့အကြုံများသော သူများကဲ့သို့ ထက်မြက်စွာ လုပ်ကိုင်တတ်ကြသည်ဟု ဆိုသည်။ အတွေ့အကြုံများသော ကုန်သည်များသည် အတွေ့အကြုံနည်းသော ကုန်သည်များထက် ကိုးဆပို၍ ဝင်ငွေရှာနိုင်စွမ်းရှိသည့် အချက်ကိုလည်း ယင်းအဖွဲ့က လေ့လာသုံးသပ်ဖော်ပြသည်။

အတွေ့အကြုံရှိပြီး လက်သူကြွယ်ပိုရှည်သော ကုန်သည်များသည် တစ်လလျှင် ပေါင်ငွေ ၈၃၈၀၀၀ရှာနိုင်လျှင် လက်သူကြွယ်တိုသူများသည် တစ်လလျှင်ပေါင်ငွေ၁၅၄၀၀၀ပျမ်းမျှအားဖြင့်ဝင်ငွေရှာဖွေနိုင်သည်ဟုဆို၏။

ပေးကမ်းမှု

ထိုစဉ်အတွင်း ဘယ်လ်ဂျီယံ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်မှာ လက်သူကြွယ်ရှည်သူများသည် ငွေကြေးပေးကမ်း လှူဒါန်းမှု၌ တွန့်တိုသူများဖြစ်ပြီး လက်သူကြွယ်တိုသူများသည် လှူဒါန်းပေးကမ်းခြင်း ရက်ရောသူများဖြစ်ကြသည်ဟုဆိုသည်။

တွေ့ရှိချက်

အထက်ပါ လေ့လာတွေ့ရှိချက်များသည် အမျိုးသားများကဲ့သို့ အမျိုးသမီးများ၏ လက်ချောင်းများမှာလည်း အလားတူပင်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

ဘိုကလေး အထက(၁) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်း ဘိုကလေးမြို့ အထက(၁)၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို အောင်ဆန်းခန်းမ၌ ဇန်နဝါရီ၁၇ရက် (စနေနေ့)တွင် ဆရာ ဆရာမကြီးများကို ဂါရဝပြုကန်တော့ကာ မိတ်ဆုံစားပွဲကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် ဆရာ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆက်ဆက်လာရောက်ကန်တော့ခံပါရန်နှင့် အလှူငွေထည့်လိုပါက ဦးအုန်းမော် ဖုန်း-၀၁-၂၁၂၅၀၈၊ ဦးကျော်မြင့် ဖုန်း-၀၉-၉၉-၇၃၉၆၄၊ ဦးလှမြင့် ဖုန်း-၀၉-၅၁-၇၄၅၁၃၊ ဦးတင်အောင် ဖုန်း-၀၁-၂၉၆၁၇၇၊ ဦးလှသန်းဦး ဖုန်း-၀၄၅-၄၅၃၉၅ နှင့် ဦးတင်မောင်ပြုံး ဖုန်း-၀၄၅-၄၅၂၂၁ တို့သို့ လှူဒါန်းနိုင်သည်။ ကန်တော့ခံ ဆရာ ဆရာမကြီးများအတွက် ဘိုကလေးမြို့နယ်အသင်း အမှတ်၅၄ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်မှ ဇန်နဝါရီ ၁၆ရက် နံနက်၈နာရီတွင် ကြိုဆိုရေးကားထွက်ခွာမည်ဖြစ်သည်။**(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၅-၁-၂၀၀၉ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၀	၂။ နံနက်ခင်းသတင်း
၇:၄၀	၃။ အကပဒေသာ
၇:၅၅	၄။ ယာကြီးရေထိန်းတမံ
၈:၀၅	၅။ ကြေးမုံရိပ်သွင်တေးနှယည်
၈:၂၀	၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၃၀	၇။ International News
၈:၄၅	၈။ အတီးပြိုင်ပွဲ

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ တီးကွက်ညွှန့်
၄:၂၀	၃။ တေးဂီတအစီအစဉ်
၄:၃၅	၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၅၀	၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၅	၇။ အဆိုပြိုင်ပွဲ
၅:၃၀	၈။ သက်တံရောင်သံစဉ်
၅:၄၅	၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆:၀၀	၁၀။ ညနေခင်းသတင်း
၆:၃၀	၁၁။ မိုးလေဝသအခြေအနေ
၆:၃၅	၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀	၁၃။ ၂၀၀၇ ခုနှစ်စာပေဗိမာန်စာမူဆုရှင်များ၏ပုံရိပ်များနှင့်ရင်တွင်းစကား (အပိုင်း-၁)
၇:၁၅	၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၄၃)
၈:၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၆၃)

*** ရှေ့ဖုံးမှ**

ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံနှုတ်ဆက်ပြီး အားကစားပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ပုံပါကျင် ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ဇန်နဝါရီ၁၂ရက်နံနက်ပိုင်းက ပုံပါကျင်မြို့နားကောင်းမှုတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုများနှင့် တွေ့ဆုံ၍ မိုင်းဆတ်ခရိုင် ဟိုရွက်ဒေသရှိ ရွှေနဂါး ဘုရားလိမ္မော်ခြံကိုလည်းကောင်း၊ မိုင်းဆတ်မြို့နယ် ဝမ်ဟုံဒေသရှိ အောင်မြင်ဖြစ်ထွန်းနေသည့် ဘုရားလိမ္မော်ခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မိုင်းတွမ်းတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံပြီး စစ်သည်မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ တာချီလိတ်မြို့နယ်ရှိ ဦးဝီလ်ဆင်မိုး စိုက်ပျိုးထားသည့် ရော်ဘာ ဧက ၃၅၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

အုပ်စု(ခ)

အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့ပါဝင်ပြီး မန္တလေးမြို့ ရွှေမန်းတောင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ဂ)

အုပ်စု(ဂ)တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်း၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ ပါဝင်ပြီး ကျောက်ဆည်မြို့ ခရိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ဃ)

အုပ်စု(ဃ)တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့ပါဝင်ပြီး ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ရက်တွင် မန္တလေးမြို့ ဗထူးကွင်း၌ ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအပြီးတွင် မန္တလေးတိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ယှဉ်ပြိုင်ကစား

ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ ၁၈ရက်မှ ၂၆ရက်အထိ မန္တလေးမြို့ အောင်မြေမန္တလာအားကစားကွင်း၊ ရွှေမန်းတောင်အားကစားကွင်းနှင့် ကျောက်ဆည်မြို့နှင့် ပြင်ဦးလွင်မြို့တို့ရှိ ခရိုင်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဇန်နဝါရီ ၂၇ရက်မှ ဖေဖော်ဝါရီ၃ရက်အထိ မန္တလေးမြို့ အောင်မြေမန္တလာအားကစားကွင်းနှင့် ရွှေမန်းတောင်အားကစားကွင်းတို့၌လည်းကောင်း၊ အကြိုဗိုလ်လုပွဲစဉ်များကို ဖေဖော်ဝါရီ ၅ရက်နှင့် ၆ရက်တို့တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၈ရက်တွင်လည်းကောင်း မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နှစ်ကြိမ်ဗိုလ်စွဲ

(၅၃) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပြည်ထောင်စုဒိုင်းကို ဆွတ်ခူးရရှိခဲ့သည်။ ကချင်ပြည်နယ်အသင်းသည် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက်၌ နှစ်ကြိမ် ဗိုလ်စွဲနိုင်ခဲ့သည်။

(၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲတွင် ပြည်ထောင်စုဒိုင်း ဆွတ်ခူးရရှိနိုင်ရေးအတွက် ပြိုင်ပွဲဝင်အသင်းများ ကြိုတင်ပြင်ဆင်လျက်ရှိကြရာ အောင်မြင်မှုအစဉ်အလာ ကြီးမားခဲ့သော ရန်ကုန်တိုင်း လက်ရွေးစင်ဘောလုံးအသင်းလည်း အပါအဝင်ဖြစ်သည်။ ရန်ကုန်တိုင်းအသင်းသည် ၂၀၀၄ ခုနှစ်ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခဲ့ပြီးနောက် အောင်မြင်မှုနှင့် ဝေးကွာလာခဲ့ရာ (၅၃) ကြိမ်မြောက်ပြိုင်ပွဲတွင် ဒုတိယအဆင့်အုပ်စုမှပင် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ပဏာမအဆင့်

ရန်ကုန်တိုင်း လက်ရွေးစင်ဘောလုံးအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၃ရက်မှ ဒီဇင်ဘာ ၆ရက်အထိ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ခြေစွမ်းပြ ကစားခဲ့ကြသော ကစားသမား ၂၅ဦးကို ပဏာမအဆင့် ရွေးချယ်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဆင့်မြင့်တန်းနှင့် ပထမတန်းဘောလုံးပြိုင်ပွဲတို့တွင် ပါဝင်ကစားခြင်း မရှိသေးသော ကလပ်အသင်းများက ခေါ်ယူထားပြီးဖြစ်သည့် ကစားသမား၁၅ဦးကို ထပ်မံခေါ်ယူအားဖြည့်ကာ ပဏာမလက်ရွေးစင် ၄၀ ဖြင့် စုဖွဲ့လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ဇန်နဝါရီ၈ရက်တွင် အပြီးသတ်လက်ရွေးစင်၂၀ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

တာဝန်ယူ

ရန်ကုန်တိုင်း လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသိန်းထွန်းလတ်(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ အတွင်းရေးမှူးအဖြစ် ဦးသန်းလွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာဦးစီးဌာန)၊ အုပ်ချုပ်သူအဖြစ် ဦးခင်မောင်လတ်(အောင်တံခွန်သယ်ယူပို့ဆောင်ရေး)၊ နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး(အဖွဲ့ချုပ်)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်ဇင်ဦး (ဦးစီးအရာရှိ၊ အား/ကာ ဦးစီးဌာန)၊ ဒိုင်လူကြီးအဖြစ် ဦးသန်းထွန်း(အား/ကာ ဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြသည်။

ပါဝင်

ရန်ကုန်တိုင်း လက်ရွေးစင်ဘောလုံး အားကစားသမားများအဖြစ် **(ဂိုး)**ခင်မောင်လတ်၊ ဖြိုးကိုကိုလှိုင်၊ ရဲလင်းထွေး၊ **(နောက်တန်း)** ငြိမ်းချမ်းအောင်၊ သိန်းလင်းအောင်၊ ဇော်ဇော်အောင်၊ တင်ထွန်းဝင်း၊ ကျော်ကျော်အောင်၊ အောင်အောင်၊ **(အလယ်တန်း)** စန်းဘို၊ ခင်မောင်ဦး(အသင်းခေါင်းဆောင်)၊ ရဲဝင်းနိုင်၊ ကျော်သန်းလှိုင်၊ အေးမင်းထိုက်၊ ချစ်စန်းမောင်၊ တိုးမြင့်ထူး၊ **(ရှေ့တန်း)** ထိန်လင်း၊ မျိုးကျော်၊ စည်သူအောင်၊ ညီညီနိုင်တို့ ပါဝင်ကြသည်။

နည်းပြချုပ်

(၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းအသင်းများသည် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းများကို နည်းပြအဖြစ် ခေါ်ယူတာဝန်ပေးအပ်ထားကြရာ ရန်ကုန်တိုင်းအသင်း နည်းပြချုပ်အဖြစ် ဦးအေးကြူကြီး၊ ပဲခူးတိုင်းအသင်း နည်းပြချုပ်အဖြစ် ဦးဇော်ဝင်းကြီး၊ စစ်ကိုင်းတိုင်းအသင်း နည်းပြချုပ်အဖြစ် ဦးကျော်လွင်၊ မွန်ပြည်နယ်အသင်း နည်းပြချုပ်အဖြစ် ဦးဝင်းမောင်၊ ကယားပြည်နယ်အသင်း နည်းပြချုပ်အဖြစ် ဦးအောင်ထွန်းထွန်း၊ ကချင်ပြည်နယ်အသင်း နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်နှင့် မကွေးတိုင်းအသင်း နည်းပြချုပ်အဖြစ် ဦးတင်မျိုးအောင်တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

ကျေးရွာရေရရှိရေး ရေပိုက်လိုင်းနှင့် ရေစုကန်ဆောင်ရွက်

နမ္မတူ ဇန်နဝါရီ ၁၄

နမ္မတူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းသည် ဒီဇင်ဘာ ၁၅ရက်က နမ္မတူမြို့နယ်အတွင်း ပန်ဂျင်ကျေးရွာအုပ်စု လုပ်လေကျေးရွာသို့ သွားရောက်ပြီး ကျေးရွာရေရရှိရေးအတွက် ရေပိုက်လိုင်းဆက်သွယ်မှုနှင့် ရေစုကန်ဆောင်ရွက်ပေးနေမှုများကို သွားရောက်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဌေးက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မှန်စီကျောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၃ရက်တွင် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်သူဝင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရွှေပြည်သာစက်မှုဇုန်(၁)ရှိ စက်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုန်(၁)ရှိ နယူးဘရားသားလီမိတက် သစ်အခြေခံစက်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပို့ရောင်းချ

ထို့နောက်ဝန်ကြီးသည် လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။ အဆိုပါစက်ရုံမှ ကျွန်းနှင့်သစ်မာ တန်ဖိုးမြင့်သစ်ခွဲသားများ ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒိုင်းမွန်းမာကျူရီကုမ္ပဏီ သစ်အချောထည်စက်ရုံသို့ရောက်ရှိရာ ဒါရိုက်တာ ဒေါ်ယမင်းထွန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသည့် ကြမ်းခင်းလျှာထိုးများ၊ သစ်ခွဲသားများ၊ ပါကေးများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော ကုမ္ပဏီဥပဒေခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂) စည်ပင်လမ်းသစ် (ရန်ကင်းစင်တာအနောက်ဘက်) ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းခန်းမ၌ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။

စာရင်းပေးသွင်း

ဟောပြောပွဲ တက်ရောက်လိုသူများသည် ဇန်နဝါရီ ၂၁ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းကြရန်၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်အမှတ် (ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတအသင်းတိုက် အဆောက်အအုံအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ဟင်္သာတအသင်းတိုက်အဆောက်အအုံသစ်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း(အထက်ဘလောက်)ရှိ အဆိုပါအသင်းတိုက် အဆောက်အအုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ကျားပျံဦးစိန်တင့်က အမှာစကား ပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သန်းညွှန့်နှင့် ဦးတင်ရှိန်၊ အတွင်းရေးမှူး ဦးလှကြည်၊ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြီးမြင့်တို့က အဆောက်အအုံဆောက်လုပ်မှုနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆောက်လုပ်

ထို့နောက် အပြီးသပ်ဆောက်လုပ်ရန်အတွက် လိုအပ်သောအလှူငွေများကို ထည့်ဝင်လှူဒါန်းကြရာ စုစုပေါင်း ငွေကျပ် ၁၁၂သိန်း ရရှိကြောင်းနှင့် အသင်းတိုက်ကိုသုံးထပ်အဆောက်အအုံအဖြစ်ဆောက်လုပ်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် စီးပွား/ကူးသန်းအသင်း ပို့ဆောင်ရေးကိုအနိုင်ရပြီး ထိပ်ဆုံးနေရာ ပြန်လည်ရယူ

ရန်ကုန် ဇန်နဝါရီ ၁၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်း အနိုင်ရသွားပြီး ကာကွယ်ရေးဝန်ကြီးဌာနနဲ့ မြို့တော်စည်ပင်တို့ သရေပွဲ ဖြစ်သွားပါတယ်။

(အောင်ဆန်းကွင်း)

စီးပွား/ကူးသန်း-နှစ်ဂိုး
ပို့ဆောင်ရေး-တစ်ဂိုး

စီးပွား/ကူးသန်းအသင်းအတွက် အမှတ်ပေးဇယား ထိပ်ဆုံးနေရာမှာ ပြန်လည် ဦးဆောင်နိုင်ဖို့ အခုပွဲအနိုင်ရဖို့ အရေးကြီးသလို၊ ပို့ဆောင်ရေးအသင်းဟာလည်း ရှေ့က အသင်းတွေကို အမီလိုက်ဖို့ ဒီပွဲဟာ အရေးပါတာကြောင့် နှစ်သင်းစလုံး ကြိုးစားကစားခဲ့ကြပါတယ်။ စီးပွား/ကူးသန်းအသင်းကတော့ ပထမပိုင်းမှာ သွင်းယူခဲ့တဲ့ ထူးကျော်ရဲ့ ဂိုးတွေနဲ့ နိုင်ပွဲပြန်လည်ရရှိခဲ့ပြီး ရမှတ် ၁၀မှတ်နဲ့ ယမန်နေ့ ပွဲအပြီးမှာ ၈မှတ်နဲ့ ပထမနေရာရယူထားတဲ့ သစ်တောရေးရာကို ကျော်တက်ပြီး ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့ပါတယ်။ ပို့ဆောင်ရေး အသင်းအနေနဲ့ အခုပွဲမှာ စီးပွား/ကူးသန်းကို ယှဉ်ကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းမှာ ရရှိတဲ့ ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်တာကြောင့်လည်း ပထမဦးဆုံးရှုံးပွဲနဲ့ ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။

စီးပွား/ကူးသန်းမှ ဘိုဘိုအောင်၏ ထိုးဖောက်မှုကို ပို့ဆောင်ရေး နောက်ခံလူ မျိုးမြင့်အောင်နှင့် ဂိုးသမား ဖြိုးမင်းအောင်တို့ ကာကွယ်ခဲ့စဉ်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ
ဖိုးသော်ဇင်

သုဝဏ္ဏကွင်း၌ ကျင်းပတဲ့ပွဲမှာ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနဲ့ မြို့တော်စည်ပင်အသင်းတို့ တစ်ဂိုးစီ သရေကျသွားပါတယ်။

၁၆-၁-၂၀၀၉ ရက်

(အောင်ဆန်းကွင်း)

စွမ်းအင်-လယ်ယာ/ဆည်မြောင်း

(သုဝဏ္ဏကွင်း)

ဆောက်လုပ်ရေး-ဘဏ္ဍာ/အခွန်

(မြန်မာ့အလင်း)

၁၉၈၁ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒ ကျောင်းသားဟောင်းများ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

၁၉၈၁ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၇ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် လှူဒါန်းလိုပါက စိုးညီညီ ဖုန်း-၀၉-၅၀-၁၉၆၄၃၊ ရဲမြတ်စိုး ဖုန်း-၀၉-၅၀-၁၈၆၂၅၊ ဇော်ဝင်းဦး ဖုန်း-၀၉-၅၀-၀၄၄၄၅၊ မြတ်ဇော် ဖုန်း-၀၉-၈၀-၂၂၁၁၁၊ ကျော်ရှိန်သန်း ဖုန်း-၀၉-၅၁-၈၃၁၂၃၊ ကိုညွန့် ဖုန်း-၀၁-၇၂၅၇၃၆၊ မျိုးမြင့်ဦး ဖုန်း-၀၆၇-၄၁၁၀၀၉၊ ဝင်းနိုင်(ပါမောက္ခ) ဖုန်း-၀၁-၅၃၄၅၀၉၊ မျိုးသန့်(အိုးကြီး) ဖုန်း-၀၉-၅၁-၄၁၄၈၀၊ သော်တာဆွေ ဖုန်း-၀၁-၇၀၁၁၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဈေးကွက်ဝင်လက်ဖက်

ကမ္ဘာ့သမိုင်းမှတ်တမ်းများအရ လက်ဖက်ကို ဘီစီ၂၇၀၀ခန့်တွင် တရုတ်ပြည်၌ စတင်တွေ့ရှိခဲ့ကြောင်း သိရှိရပါသည်။ လက်ဖက်၏မျိုးရင်းမှာ (Theaceae) ဖြစ်ပြီး ရုက္ခဗေဒအမည်များအနေဖြင့် (၁)Camellia sinensis (China species)၊ (၂) Camellia assamica(Assam species) (၃) Camellia assamica sub sp Lasciocalyx (Indo-China / Cambod species) ဖြစ်ပါသည်။

လက်ဖက်သမိုင်းကြောင်းကို အကျဉ်းချုံး၍ဖော်ပြရပါလျှင် လေးရာစုနှစ်များတွင် တရုတ်ပြည်၌ လက်ဖက်ကို ဆေးဝါးအဖြစ် စတင်သုံးစွဲခဲ့ကြောင်း၊ ခုနစ်ရာစုနှစ်များတွင် လက်ဖက်ကို အဖျော်ယမကာအဖြစ် သောက်သုံးမှုမှာ ထင်ရှားလာသဖြင့် အခွန်စတင်ကောက်ခံခဲ့ကြောင်း၊ ဘီစီ၂၇၀၀မှ အေဒီ ၁၆၁၀အထိ လက်ဖက်ကို တရုတ်ပြည်တွင်သာ စိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။ မြန်မာနိုင်ငံ၌ လက်ဖက်စိုက်ပျိုးမှုကို လေ့လာပါက ထိုလက်ဖက်မျိုးစေ့ကို ပေါက္ကန်ပြည့်ရှင်ဘုရင်အလောင်းစည်သူမင်းကြီးက ငှက်တစ်ကောင်၏အစာအိမ်အတွင်းမှရရှိခဲ့ကြောင်း၊ ထိုမှတစ်ဆင့်မျိုးပွား၍ အဆင့်ဆင့်စိုက်ပျိုးနိုင်ရန် မျိုးစေ့များပေးအပ်ခဲ့ခြင်းဖြင့် ထိုလက်ဖက်ပင်များ မြန်မာပြည်အနှံ့ စတင်ပေါက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးပလောင်လူမျိုးများသည် လက်ဖက်စိုက်ပျိုးခြင်းကို ရိုးရာအလုပ်တစ်ခုကဲ့သို့ လုပ်ကိုင်စားသောက် နေထိုင်လာခဲ့သည့်အလျောက် ယောကျ်ား၊ မိန်းမမရွေး လက်ဖက်ရည်ကြမ်းကို ဝါးကျည်တောက်များတွင်ထည့်၍ သောက်လေ့ရှိခဲ့ကြသည်။ နမ့်ဆန်ဒေသမှထွက်သော နာမည်ကျော်ရွှေဖီမိုးလွတ် လက်ဖက်မှာ နာမည်ကြီးပြီး လူကြိုက်များသော လက်ဖက်ဖြစ်သည်။ ရွှေဖီမိုးလွတ်ဆိုသည်မှာ မိုးမကျမီ၊ သင်္ကြန်မတိုင်မီ၊ ပေါ်ဦးပေါ်ဖျားလက်ဖက်ကို မိုးရေလွတ်သည့်အတွက် ရွှေဖီမိုးလွတ်လက်ဖက်ဟု ခေါ်ခြင်းဖြစ်သည်။ သို့သော် ထိုရွှေဖီမိုးလွတ်ထက်ကောင်းသော လက်ဖက်တစ်မျိုးရှိသေးသည်ဟု ဆိုပြန်ပါသည်။ ထိုလက်ဖက်မျိုးမှာ ပြာသို၊ တပို့တွဲ လက်ဖက်ရွက်ကြမ်းများ ကြွေတော့မည့်ဆဲဆဲတွင် နှင်းအားကို အမှီပြု၍ထွက်သော လက်ဖက်ရွက်နုကလေးများ ဖြစ်ပါသည်။ ထိုလက်ဖက်ကို နှင်းတက်လက်ဖက်ဟု ခေါ်ကြသည်။ သို့သော် လက်ဖက်အချိန်ခါ မဟုတ်သေးသဖြင့် ရွှေဖီမိုးလွတ်လက်ဖက် ကဲ့သို့ ပေါပေါများများ၊ လုံလုံလောက်လောက်မရနိုင်ပေ။ အချိန်အခါမဟုတ် ရှားရှားပါးပါး ပေါ်ဦးပေါ်ဖျားမို့လည်း အဖိုးတန်ခြင်းတစ်မျိုးဖြစ်သည်။ လူတိုင်းသုံးလောက်အောင်မရ။ လူတိုင်းလက်သို့ မရောက်သဖြင့် ထိုနှင်းတက်လက်ဖက်ကို လူတိုင်းမသိမမြင်ဖူးကြပေ။ ရှေးအခါက ပေါ်ဦးပေါ်ဖျား လက်ဖက်ကို ဘုရင်မင်းမြတ်များသို့ ဆက်သသော လက်ဖက်ဖြစ်ရာ ဆူးချွန် အပ်ချောင်းကလေးများကဲ့သို့ အလွန်နူးညံ့သေးသွယ်သော သဏ္ဌာန်ရှိသည်။ လက်ဖက်ရည်အဖန်အိုးတစ်အိုးလုံးကို လက်သည်းခွံဖျားမျှ ခတ်လိုက်ရုံနှင့် အဖန်အရသာတစ်ရည်နှစ်ရည်မပျက် ရရှိနိုင်သည်ဟု ဆိုပါသည်။

ရွှေဖီဦး နှင်းတက်လက်ဖက်၊ ရွှေဖီမိုးလွတ်လက်ဖက်၊ ခါးကန်လက်ဖက်၊ ခါးကွက်(ခါးဝှက်)လက်ဖက်၊ ခါးနိုင်လက်ဖက်ဟူ၍ လက်ဖက်အမျိုးမျိုးရှိသည်။ လက်ဖက်ခူးသောအချိန်မှာ နေအလွန်ပူပြင်းသော တန်ခူး၊ ကဆုန်အချိန်ဖြစ်သည်။ သို့မှလည်း ထိုခူးပြီးသော လက်ဖက်ရွက်များကို ပေါင်းတင်ကာ နေခြောက်လှန်းနိုင်မည်ဖြစ်သည်။ နေခြောက်အောင်မလှန်းနိုင်၊ နေပူရှိန်ကောင်းစွာမရသော လက်ဖက်များမှာ လက်ဖက်ခြောက်အဖြစ်သို့ မရောက်ဘဲ အချိုခြောက် (သို့မဟုတ်) လက်ဖက်စို၊ လက်ဖက်စိမ်းဘဝသို့ ရောက်သွားရပါသည်။ လက်ဖက်တွင် အဖန်ခြောက်၊ အချိုခြောက်၊ လက်ဖက်စိုဟူ၍ သုံးမျိုးခွဲခြားထားသည်။ တန်ခူး၊ ကဆုန် နေရှိန်ပူပြင်းချိန်တွင် လက်ဖက်ရွက်များကို ခူးပြီး ပေါင်းအိုးကြီးများတွင်သွင်း၍ ပေါင်းတင်ရသည်။ ပေါင်းတင်ပြီး နေလှန်းရသည်။ နေမလှန်းမီ ပေါင်းတင်ထားသောလက်ဖက်များကို နယ်သားကျအောင် နယ်ပေးရသည်။ လက်ဖက်အနယ်ကောင်းမှ လက်ဖက်ကောင်းထွက်သည်ဟု ဆိုသည်။ ထိုသို့နယ်ပြီးသော လက်ဖက်ကို နေပူရှိန်ပြင်းပြင်းတွင် တစ်နေကုန်နေလှန်းရသည်။ နေလှန်းရာတွင် နေ့မကူးစေရ။ တစ်နေ့နှင့် အပြီးလှန်း၍ ခြောက်သောလက်ဖက်မှသာ လက်ဖက်ကောင်းဟု ဆိုနိုင်ပါသည်။ နယ်သားမကျ၍လည်းကောင်း၊ နေပူမရဘဲ တစ်နေနှင့်မခြောက်လျှင်လည်းကောင်း လက်ဖက်မှာ ပွယောင်းလုံးထွေးသွားတတ်ကာ လက်ဖက်ခြောက် အကောင်းစားမဖြစ်နိုင်ဘဲ ဈေးကျသွားတတ်ပါသည်။

လက်ဖက်နှင့် မြန်မာ့သမိုင်းရိုးရာယဉ်ကျေးမှု

ရှေးမြန်မာဘုရင်များလက်ထက်က လက်ဖက်မှာ ထီးစဉ်နန်းဆက် အသုံးအဆောင်တစ်ခုဖြစ်ပြီး မင်းခမ်း မင်းနား ယဉ်ကျေးမှုကြီးတစ်ရပ်အဖြစ် အစဉ်အလာရှိခဲ့ပါသည်။ မင်းခမ်း မင်းနား ပွဲသဘင်တော်များ၊ ပုခက်တင် ကင်ပွန်းတပ်၊ နားသ၊ နားထွင်း၊ လက်ထပ်မင်္ဂလာပွဲများမှအစ သာရေး၊ နာရေးပါမကျန် လက်ဖက်မပါလျှင် မဖြစ်ပါ။ ရှေးမြန်မာမင်းများ လက်ထက်တွင် လက်ဖက်ရည်တော်သား၊ လက်ဖက်အိုးကိုင်ဟူသော နန်းတွင်းအမှုတော်သားများပင် ရှိခဲ့ပါသည်။

လက်ဖက်ကို မြန်မာတို့ရိုးရာယဉ်ကျေးမှုတစ်ခုအနေအားဖြင့် အသိအမှတ်ပြုသည့်သဘော ပဋိညာဉ်စာချုပ်တစ်ရပ် သဘောမျိုး သုံးခဲ့ကြသည်ကိုလည်း တွေ့ရသည်။ လက်ဖက်ကို ရုံးတော် ခုံတော်ရှေ့မှောက်တွင် တရားလို တရားခံနှစ်ယောက်သည် ခုံရုံးတော်များက အဆုံးအဖြတ်ပေးပြီးသည့်အခါ နှစ်ဦးလက်ဆုံစားကြရသည်။ ထိုသို့စားသည်ကို လက်ဖက်လက်လှမ်းစားသည်ဟု ဆိုသည်။ နှစ်ဦး မျက်နှာစုံညီ သဘောတူသော အထိမ်းအမှတ်ပင်ဖြစ်သည်။ လက်ဖက်လက်လှမ်းစားပြီးလျှင် တရားလည်းပြီးဆုံးခြင်းသို့ ရောက်ကာ နောက်နောင် အရှုပ်အထွေးမရှိစေရ၊ အယူခံမဝင်ရတော့ပေ။ ထို့ကြောင့် **"လူမတတ်သော်လည်း လက်ဖက်ထုပ်တတ်သည်"**ဟူသော မြန်မာစကားပုံတစ်ခု ဖြစ်ထွန်းခဲ့ရလေသည်။ ကြွေးမြီမှု၊ လင်မယားပြတ်စဲကွာရှင်းမှုစသည်များတွင်လည်း လက်ဖက်လှမ်းစားကာ၊ လက်ဖက်စားဖြတ်စာများနှင့် တရားတပေါင်ကို စီရင်ဆုံးဖြတ်ကြသည်။ အခြားလူမှုဆက်ဆံရေးမှန်သမျှနှင့် နားသ၊ နားထွင်း၊ ကင်ပွန်းတပ်၊ နာမည်ပေး စသော အလှူမင်္ဂလာအခမ်းအနားများတွင်လည်း လက်ဖက်ယဉ်ကျေးမှုနှင့်မကင်း၊ ထိုလက်ဖက် ပါသေးသည်။ လက်ဖက်ထုပ်ပိုးခြင်း၊ ကမ်းခြင်းများရှိရာ ယခုခေတ် အလှူ မင်္ဂလာပွဲများတွင် ကြော်ငြာဖိတ်စာများပို့သည့် သဘောပင်ဖြစ်သည်။ ထိုသို့ ကမ်းသော၊ ပို့သော မင်္ဂလာလက်ဖက်ထုပ်ကို လက်ခံသူသည် ထိုမင်္ဂလာအခမ်းအနားပွဲသို့ မလာမရောက်ဘဲ မနေရ၊ မပျက်မကွက် လာရောက်ပါမည်ဟူသော ကတိခံဝန်ချက်ပေးခြင်း သဘောပင်ဖြစ်သည်။ မလာရောက်နိုင်က ထိုလက်ဖက်ထုပ်ကို လက်မခံရ၊ မယူရပေ၊ ဤမျှစည်းကမ်းစောင့်စည်းလှသော ရှေးမြန်မာတို့၏ လက်ဖက်ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပါသည်။

လက်ဖက်ကို မြန်မာ့ယဉ်ကျေးမှုတွင် ဆေးဖက်ဝင်အပင်အဖြစ်လည်း လက်ခံထားကြသည်။ လက်ဖက်နှင့်ပတ်သက်၍ ဓာတ်စာရေးထုံးကျမ်းများတွင် လက်ဖက်သည် အအေးလွန်ကဲ၏၊ ဖန်၏၊ လေကိုရွှင်စေ၏၊ ဆီးဝမ်းချုပ်လျှင်သော်လည်းကောင်း၊ အောင့်လျှင်သော်လည်းကောင်း၊ လက်ဖက်စိမ်ရေနှင့် သနပ်ခါးရေကိုတစ်ဝက်စီမျှအောင်ရော၍တိုက်လျှင် ပျောက်နိုင်၏ဟုပါရှိသည်။ မြန်မာ့ဆေးကျမ်းများသာမက တရုတ်ဆေးကျမ်းများတွင်ပင် လက်ဖက်ကို အားဆေးတစ်လက်အဖြစ် ဖော်ပြထားသည်။ လက်ဖက်သည် အစာကို ကြေစေသည်။ အဖျားကိုလျော့စေသည်။ ပိုးမွှားများကိုသတ်စေ၊ သေစေသည်၊ ရေငတ်ခြင်းကို ပြေစေသည်၊ ဦးနှောက်ကြည်လင်၍ ထိုင်းမှိုင်းခြင်းကို ပျောက်စေသည်၊ မျက်စိအကြည်ဓာတ်များကို အားကောင်းစေသည်ဟု တရုတ်ဆေးကျမ်းများ၌ ဆိုထားပါသည်။ ဂျပန်ဆေးကျမ်းများကလည်း လက်ဖက်သည် ဆေးဖက်ဝင်သည်ဟု ဆိုသည်။

တက္ကသိုလ် တင်လက်ျာ

ယနေ့ကမ္ဘာတွင် စီးပွားဖြစ် လက်ဖက်စိုက်ပျိုးလုပ်ကိုင်နေမှုနှင့် စပ်လျဉ်း၍ လေ့လာဖော်ပြရပါက နိုင်ငံပေါင်း ၄၅နိုင်ငံ၌ ဟက်တာသန်းပေါင်း (၂ဒသမ၅) သန်းကျော်ခန့်ကို လက်ဖက်စိုက်ပျိုးလုပ်ကိုင်လျက်ရှိကာ နှစ်စဉ် ကီလိုဂရမ်သန်းပေါင်း ၃၀၀၀ ကျော်ထုတ်လုပ်လျက် ရှိပါသည်။ လက်ဖက်ကို အဓိကထား၍ အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော နိုင်ငံများမှာ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ပါသည်။ ပြည်ပနိုင်ငံများသို့ လက်ဖက်ကိုအဓိကထား တင်ပို့ရောင်းချသော နိုင်ငံအစဉ်လိုက်အနေဖြင့် သီရိလင်္ကာ၊ ကင်ညာ၊ တရုတ်၊ အိန္ဒိယနှင့် အင်ဒိုနီးရှားတို့ ဖြစ်ပါသည်။

ယင်းငါးနိုင်ငံတွင် ကမ္ဘာ့လက်ဖက်အထွက်၏ ရာခိုင်နှုန်း ၈၀ ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိသောလက်ဖက်များမှ ၅၇ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌ စားသုံး၍ ကျန် ၄၃ရာခိုင်နှုန်းခန့်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း လက်ဖက်ခြောက်တင်သွင်းမှု အများဆုံးသောနိုင်ငံများမှာ ရုရှား၊ ပါကစ္စတန်၊ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်တို့ ဖြစ်ကြောင်း သိရှိရပါသည်။

ယနေ့ကမ္ဘာတွင် လူတစ်ဦးလျှင် တစ်နှစ်လက်ဖက်ခြောက်အနည်းဆုံး ၀ဒသမ၅ကီလိုဂရမ်မှ အများဆုံး ၃ကီလိုဂရမ်အထိ သောက်သုံးလျက်ရှိကာ အိန္ဒိယနိုင်ငံတွင် လူတစ်ဦးလျှင် တစ်နှစ် ၀ ဒသမ ၅ကီလိုဂရမ် သောက်သုံးပြီး အိုင်ယာလန်နိုင်ငံတွင် လူတစ်ဦးလျှင် တစ်နှစ် သုံးကီလိုဂရမ်အထိ သောက်သုံးကြောင်း လေ့လာသိရှိရပါသည်။

ယနေ့ကမ္ဘာတွင် သီရိလင်္ကာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သည့် (Ceylon Tea) နှင့် တရုတ်ပြည်မှ (King's Tea, Green Tea, Jasmine Tea, Oolong Tea, Pouchong Tea, Pu-Erh Tea, TiKuan Yin Tea)၊ ဂျပန်နိုင်ငံထုတ် (Watkins Tea) နှင့် ကိုရီးယားနိုင်ငံထုတ် (Ginseng Tea) တို့အပြင် အနောက်နိုင်ငံများမှ Brooke Bond's Tea Lipton Tea တို့မှာ ကမ္ဘာကျော်လက်ဖက်ခြောက်များဖြစ်ပြီး ပစ္စည်းနည်းနည်းကို ဈေးကောင်းပေးဝယ်ရပြီး အနံ့အရသာကောင်းမွန်သည့်အပြင် ထုပ်ပိုးမှုမှာလည်း အခြားနိုင်ငံများထက် ဝယ်ယူသူများအပေါ် ဆွဲဆောင်မှုအားကောင်းသော လက်ဖက်ခြောက်များအဖြစ် နာမည်ကျော်ကြားပါသည်။ မြန်မာနိုင်ငံ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ ကွမ်းလုံနှင့် လောက်ကိုင်ခရိုင်များ၌ လက်ဖက်စိုက်ဧက ၁၂၀၀၀၀ကျော်မျှ စိုက်ပျိုးထားကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီး၊ လွိုင်လင်နှင့် လင်းခေးခရိုင်တို့တွင် ဧက ၅၀၀၀၀ကျော်နှင့် သံလွင်အရှေ့ခြမ်းဒေသများတွင်လည်းကောင်း၊ ကရင်ပြည်နယ်၊ သံတောင်ဒေသတွင်လည်းကောင်း၊ ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင်လည်းကောင်း အများအပြား စိုက်ပျိုးကြောင်း သိရှိရပါသည်။ မြန်မာပြည်ထွက် လက်ဖက်ခြောက်များမှာ စိုက်ပျိုးထုတ်လုပ်မှုပေါ်မူတည်ပြီး အရည်အသွေးအားဖြင့် အဆင့်ဆင့်ကွဲပြားပါသည်။ ကမ္ဘာ့လက်ဖက်ခြောက် ဈေးကွက်တွင် ယနေ့ နာမည်ကြီးဈေးကောင်းရနေသည့် လက်ဖက်ခြောက်များအနေဖြင့် လူကြိုက်များ ဈေးကောင်းရနေခြင်းမှာ-

(က) ထုတ်လုပ်သည့် လက်ဖက်စိုက်ခင်းများကို စနစ်တကျစိုက်ပျိုးထိန်းသိမ်းထားခြင်း၊
(ခ) လက်ဖက်ဆွတ်ခူးချိန်တွင် ရာသီအလိုက် စနစ်တကျ ခူးယူသိုလှောင်ခြင်း၊
(ဂ) ဆွတ်ခူးပြီး လက်ဖက်များကို အချိန်ကိုက် ခေတ်မီနည်းပညာစက်ယန္တရားများအသုံးပြု၍ စိုထိုင်းဆနှင့် အလေအလွင့်နည်းပါးအောင် ပြုလုပ်နိုင်ခြင်း၊
(ဃ) လက်ဖက်ခြောက် ကုန်ချောထုပ်ပိုးခြင်းကိုဝယ်ယူသုံးစွဲသူအကြိုက် ခေတ်မီနည်းစနစ်များအသုံးပြု၍ အမြင်လှပစေခြင်းနှင့် ကြာရှည်ခံနိုင်သည့် ထုပ်ပိုးပစ္စည်းများ အသုံးပြု၍ ထုတ်လုပ်ခြင်း၊
(င) လက်ဖက်ခြောက်အမျိုးအစားအလိုက် ပန်းရနံ့ အမျိုးမျိုးဖြင့်လည်းကောင်း၊ ကောက်သီးနံ့နှင့် အခြားအသီးအနံ့ အနံ့အမျိုးမျိုးဖြင့်လည်းကောင်း ဝယ်ယူသောက်သုံးသူများအပေါ် အနံ့အရသာ အမျိုးမျိုးဖြင့် စွဲမက်စေရန် ဆွဲဆောင်ထားသည့် အနံ့များဖြင့် ထုတ်လုပ်ထားခြင်း၊
(စ) လက်ဖက်ခြောက်သောက်သုံးရာတွင် ဝယ်ယူသူများအား ဆွဲဆောင်မှုကောင်းစေမည့် လက်ဖက်အသုံးအဆောင် ပစ္စည်းများဖြစ်သည့် Tea Equipment (Tea sets, Tea pots, Tea Cups, Tea Canisters, Tea Tray, Tea Accessories) စသည်တို့ကို လက်ဖက် ခြောက်များနှင့်အတူ တွဲဖက်၍ ထုတ်လုပ်ရောင်းချခြင်း၊
(ဆ) ထုတ်လုပ်သည့်ပစ္စည်းများအပေါ် ရောင်းအား ပိုမိုကောင်းမွန်နိုင်ရေးအတွက် ကြော်ငြာအားကောင်းမွန်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

လက်ဖက်စိုက်ပျိုးရန် လိုအပ်သော သဘာဝပတ်ဝန်းကျင် အခြေအနေများမှာ-

(က) အပူချိန် (Temperature)

လက်ဖက်စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အပူချိန် ၁၆-၃၂ ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ လက်ဖက်စိုက်ပျိုးဖြစ်ထွန်းရန် အသင့်တော်ဆုံး အပူချိန် ၁၃-၃၀ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ၁၃ ဒီဂရီစင်တီဂရိတ်အောက်တွင် အညွန့်များကြီးထွားမှုမရှိတော့ပါ။ ၃၅ ဒီဂရီစင်တီဂရိတ်တွင် အရွက်အစာချက်လုပ်မှုနှုန်းကျဆင်းပြီး ၄၀ဒီဂရီစင်တီဂရိတ်တွင် အစာချက်လုပ်မှု ရပ်ဆိုင်းသွားမည်ဖြစ်ပါသည်။ ၄၈ဒီဂရီစင်တီဂရိတ်တွင် အရွက်များသေ၍ ပျက်စီးမည်ဖြစ်ပါသည်။

(ခ) စိုထိုင်းဆ (Humidity)

လက်ဖက်စိုက်ပျိုးဖြစ်ထွန်းရန် အသင့်တော်ဆုံး လေထုစိုထိုင်းဆမှာ ရာခိုင်နှုန်း၈၀ဖြစ်ပါသည်။ လေထုစိုထိုင်းဆနည်းသည့်ဒေသများတွင် အရိပ်ပင်များစိုက်ပျိုးပေးခြင်းနှင့် ရေသွင်းမှုများပြုလုပ်ပေးခြင်းဖြင့် စိုထိုင်းဆရာခိုင်နှုန်းမြင့်အောင် ဖန်တီးစိုက်ပျိုးနိုင်ပါသည်။

(ဂ) မိုးရေချိန် (Rainfall)

တစ်နှစ်ပတ်လုံး စုစုပေါင်းမိုးရေချိန် လက်မ၆၀ရှိပြီး တစ်လလျှင် အနည်းဆုံး မိုးရေချိန် သုံးလက်မရရှိပါက လက်ဖက်စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

(ဃ) မြေအခြေအနေ (Soil Condition)

လက်ဖက်သည် မြေချဉ်အခြေအနေကို ပိုမိုနှစ်သက်သည်။ လက်ဖက်စိုက်ပျိုးဖြစ်ထွန်းရန် သင့်တော်သော မြေအချဉ် အငန်ဓာတ် (Soil pH)မှာ ၄ ဒသမ ၅- ၅ ဒသမ၅ ဖြစ်သည်။ အကောင်းဆုံးမှာ pH ၄ ဒသမ ၈ဖြစ်သည်။ စိုက်ပျိုးဖြစ်ထွန်းရန် လိုအပ်သော မြေသားကျင်းအနက်မှာ အနည်းဆုံး သုံးပေ ရှိရမည်ဖြစ်ပြီး ရေစိမ့်ဝင်စီးဆင်းမှု ကောင်းရမည်။ မြေပြင် မတ်စောက်မှု အနေအထား မများလွန်းသော မြေနေရာများတွင် စိုက်ပျိုးသင့်ပါသည်။

လက်ဖက်ပျိုးခင်းရွေးချယ်ရာတွင် သတိထားရမည့်အချက်များမှာ-

(က) လက်ဖက်ပျိုးခင်းနှင့် စိုက်ခင်းနီးရမည်။
(ခ) တစ်နှစ်ပတ်လုံး ရေရှိနိုင်သော နေရာဖြစ်ရမည်။
(ဂ) သွားလာမှု လွယ်ကူရမည်။
(ဃ) ဆီးနှင်းကျသောနေရာ၊ လေပြင်းတိုက်ခတ်မှုများသော နေရာမဖြစ်ရ။
(င) မတ်စောက်မှုများလွန်းသော နေရာမဖြစ်ရ။

လက်ဖက်မျိုးပွားနည်းများမှာ-

(က) လက်ဖက်မျိုးစေ့မှ ပျိုးထောင်မျိုးပွားခြင်း၊
(ခ) ပင်ပိုင်းဆိုင်ရာနည်းဖြင့် ပျိုးထောင်မျိုးပွားခြင်း၊

လက်ဖက်စိုက်ပျိုးခြင်း

လက်ဖက်ပျိုးပင်ငယ်များကို အရွက်ရှစ်ရွက်မှ ၁၂ ရွက်အထိ ရရှိချိန် အပင်အမြင့် တစ်ပေခန့်ရှိသည့်အချိန်တွင် ပျိုးခင်းမှတစ်ဆင့် စိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်သင့်ပါသည်။ ပျိုးပင်ငယ်များ၏ ပင်စည်ပိုင်းနှင့် အမြစ်ပိုင်းများ ဖွံ့ဖြိုး၍ ဖြောင့်တန်းနေရမည်ဖြစ်ပြီး မြေအပေါ်ပိုင်းနှင့် မြေအောက်ပိုင်း အချင်းချင်း တူညီရပါမည်။ ရွှေ့ပြောင်းစိုက်ပျိုးနိုင်သော ကာလမှာ မြေအစိုဓာတ် လုံလောက်စွာရရှိနိုင်မည့် မိုးဦးကာလ မေလနှင့်ဇွန်လဆန်းပိုင်းများတွင် စတင်စိုက်ပျိုးနိုင်ပါသည်။

လက်ဖက်ခင်းများအပေါ် အရိပ်ပင်များစိုက်ပျိုးခြင်း

လက်ဖက်ခင်း စိုက်ပျိုးဖြစ်ထွန်းရာမှာ ကော်ဖီခင်းစိုက်ပျိုးသည့်နည်းတူ အရိပ်ပင်များစိုက်ပျိုးပေးရန် လိုအပ်ပါသည်။ အရိပ်ပင်များ စိုက်ပျိုးခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိပါသည်-

(က) မြေအစိုဓာတ် ထိန်းသိမ်းပေးခြင်း၊
(ခ) အမြစ်များမှာ မြေဆီလွှာရေတိုက်စားခြင်းနှင့် မြေပြိုခြင်းအား ကာကွယ်ပေးခြင်း၊
(ဂ) လေတိုက်ခတ်မှုမှ ကာကွယ်ပေးခြင်း၊
(ဃ) တစ်ဧကမှ တစ်နှစ်လျှင် သစ်ရွက်ဆွေး ၁၆တန်ခန့်ရရှိနိုင်ခြင်း၊
(င) နေရောင်ခြည်မှ ခရမ်းလွန်ရောင်ခြည် (Ultra Violet) များကို ကာကွယ်ပေးခြင်း၊
(စ) အရိပ်ပင်များတွင် ကျေးငှက်များလာရောက်နားခိုပြီး လက်ဖက်စိုက်ခင်းမှ လက်ဖက်ဖျက်ပိုးများကို စားသောက်ပေးခြင်းနှင့်
(ဆ) လက်ဖက်စိုက်ခင်းတစ်ဝိုက် ဂေဟစနစ်(Ecosystem) ကောင်းမွန်စေခြင်း၊

အရိပ်ပင်များစိုက်ပျိုးရန် နည်းများမှာ-

လက်ဖက်မစိုက်ပျိုးမီ တစ်နှစ်ကျော်မှ နှစ်နှစ်ခန့် ကြိုတင်၍ စိုက်ပျိုးသင့်ပါသည်။ ခါတော်မီပင်နှင့် ကြီးမြန်အမျိုးအစား သစ်ပင်များ စိုက်ပျိုးနိုင်ပါက ပို၍သင့်တော်ပါသည်။ အရိပ်ပင်များကို စတင်စိုက်ပျိုးသည့်နှစ်တွင် အပင်တန်း တစ်တန်းနှင့် တစ်တန်း ပေ ၂၀၊ တစ်ပင်နှင့်တစ်ပင် ပေ ၂၀ စနစ်ဖြင့် တစ်ဧကလျှင် အပင် ၁၀၈ ပင် ဝင်အောင် စိုက်ပျိုးရပါသည်။

နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံအလယ်ပိုင်းရှိ အညာဒေသ ပေ ၄၀၀၀ ကျော်မြင့်သော မန္တလေးတိုင်း၊ ပုပ္ပားတောင်တစ်ဝိုက်နှင့် မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်ဒေသတစ်ဝိုက်တွင် လက်ဖက်စိုက်ခင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အထက(၂)လသာ (စိန့်ဂျွန်းကွန်ဗင့်)ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

အထက(၂)လသာတွင် ပညာသင်ကြားပေးခဲ့ကြသော အသက် ၆၀ပြည့်နှင့်အထက် (အငြိမ်းစား) ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် အသက်၆၀အထက် အငြိမ်းစား ဆရာမကြီးများနှင့် ကျောင်းသူဟောင်းများ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၁၈-၁-၂၀၀၉ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - မြညီလာခန်းမ အထက(၂) လသာ

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉) ဖြင့် **ဦးစိုးနိုင်** (MD အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီ)အား **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဥက္ကဋ္ဌ
အမှုဆောင်အဖွဲ့ (မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်)။

အမည်ပြောင်း

အဖဦးစိုးနိုင်၏သမီး အမက(၁၅) ပြည်တော်သာရပ်ကွက် စစ်တွေမြို့ ဒုတိယတန်းမှ မမြသက်ပိုင်စိုးအား မသက်ပိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။ **မသက်ပိုင်စိုး။**

သင့်သွေးဖြင့် အသက်ကယ်ပါ

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၉)ဖြင့် **ဒေါ်တင်နု** (ရုပ်ပျိုတိုင်းရင်းဆေး၊ ရွှေဘိုမြို့)အား **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်ချီးမြှင့်ပေးအပ်သည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

ကောင်းဟိန်းကုမ္ပဏီလီမိတက်။

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ရုံး
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဈေးဆိုင်ခန်း ၃၀ အသစ်ဆောက်လုပ်ရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးရှိ မူလ ဈေးဆိုင်ခန်း ၃၀အား ဖျက်သိမ်းပြီး ၎င်းနေရာတွင် ဈေးဆိုင်ခန်းအသစ် ၃၀အား ပြန်လည်ဆောက်လုပ်မည် ဖြစ်ပါသည်။

၂။ ဈေးဆိုင်ခန်းဆောက်လုပ်လိုသူများသည် အသေးစိတ်အချက်အလက်များအား ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းစုံစမ်း၍ ၁၈-၁-၂၀၀၉ရက် ၁၇း၀၀နာရီနောက်ဆုံးထားတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၁)ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်း အမှတ်စဉ်(၁)ကို ဖေဖော်ဝါရီ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၁၀ရက်အထိ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ သတင်းဦးစားပေးဂျာနယ်များမှ အယ်ဒီတာလုပ်သက်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိသူများ လျှောက်ထားနိုင်ပြီး ဂျာနယ်တစ်တိုက်လျှင် တစ်ဦးနှုန်း တက်ရောက်နိုင်ကြောင်း သိရသည်။ သင်တန်းကြေးမှာ ငွေကျပ်သုံးသောင်းဖြစ်၍ အသက်ကန့်သတ်ချက်မှာ ၂၀မှ ၃၅ နှစ်အတွင်းဖြစ်ကာ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရတစ်ဦးဖြစ်ရန် လိုအပ်ပြီး အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ရမည်။

လျှောက်ထားနိုင်

ထို့ပြင်ကွန်ပျူတာအခြေခံ တတ်ကျွမ်းသူဖြစ်ရန် လိုအပ်ကြောင်း သိရသည်။ စိတ်ပါဝင်စားသူများအနေဖြင့်ကိုယ်ရေးအကျဉ်း၊ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် အတူ မိမိတာဝန်ထမ်းဆောင်ရာဂျာနယ်တိုက်၏အယ်ဒီတာချုပ် (သို့မဟုတ်) အမှုဆောင်အရာရှိချုပ်၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ် ၅၂၉ (ဒုတိယထပ်) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ရန်ကုန်မြို့သို့ ဇန်နဝါရီ၂၀ရက် ညနေ၅ နာရီ နောက်ဆုံးထား၍ ကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဝမ်ဟွေရပ်နေမည်ညီဝင်း၏ ဖခင်ဖြစ်သူ ဦးတင်သင်း(ခ)ဦးတင်သိန်း ၁၃/ကတန(နိုင်)၀၁၇၁၉၉မှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးတင်သင်း(ခ)ဦးတင်သိန်း ၁၃/ကတန(နိုင်)၀၁၇၁၉၉။**

ဝယ်သူရောင်းသူတွေ့ဆုံပွဲနှင့် ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ အင်ဒို-မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဝယ်သူရောင်းသူ တွေ့ဆုံပွဲကို ဇန်နဝါရီ ၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မျက်စိခွဲစိတ်ရမည့် အိုင်အန်ပေါ်လ်တာ အာဘူဒါဘီ ချန်ပီယံဂေါက်ရိုက်ပြိုင်ပွဲမှ ထွက်ခဲ့ရ

မျက်စိခွဲစိတ်ကုသမှု ခံယူရမည့် အိုင်အန်ပေါ်လ်တာ။

လန်ဒန် ဇန်နဝါရီ ၁၄

ကမ္ဘာ့အဆင့် (၂၆)ရှိ ဂေါက်သီးရိုက်ကစားသမား အိုင်အန်ပေါ်လ်တာသည် မျက်စိခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သည့်အတွက် လာမည့် သီတင်းပတ်တွင်ကျင်းပမည့် အာဘူဒါဘီချန်ပီယံ ဂေါက်ရိုက်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အသက် ၃၂နှစ်ရှိ ပေါ်လ်တာသည် အမြင်အာရုံကြော အားနည်းသည့်အတွက် ရုန်းကန်နေခဲ့ရသူဖြစ်သည်။ **(အင်တာနက်)**

ကွင်းလယ်တွင် မှားယွင်းစွာခင်းကျင်းခဲ့မှု ရှုံးနိမ့်ရခြင်း၏အကြောင်းဟု စကိုလာရီဆို

လန်ဒန် ဇန်နဝါရီ ၁၄

ချယ်လ်ဆီးနည်းပြ စကိုလာရီသည် ဇန်နဝါရီ ၁၁ရက် ညပိုင်းက မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရမှုအတွက် ချယ်လ်ဆီးအသင်း ကစားသမားများအား ပြစ်တင်ပြောကြားခဲ့သည်။ သို့သော်လည်း ၎င်းတို့အနေဖြင့် ပြန်လည်နာလန်ထူနိုင်ရန်အတွက် စည်းလုံးညီညွတ်စွာ ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုးထရက်ဖို့ဒ်တွင် မန်ယူအသင်းအား သွားရောက်ရင်ဆိုင်စဉ် ၎င်းအနေဖြင့် ကွင်းလယ်ခင်းကျင်းမှုမှားယွင်းခဲ့ကြောင်း၊ ထို့ကြောင့် အရင်းအနှီးကြီးစွာဖြင့်ပေးဆပ်လိုက်ရကာ ရှုံးနိမ့်ရခြင်း၏အကြောင်းရင်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံခဲ့သည်။ **(အင်တာနက်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

များစိုက်ပျိုးရန် လမ်းညွှန်ခဲ့သဖြင့် သစ်တောရေးရာဝန်ကြီးဌာနမှ ယင်းဒေသများတွင် လွန်ခဲ့သည့် မိုးရာသီမှစ၍ စတင်စမ်းသပ်စိုက်ပျိုးနေပြီ ဖြစ်ပါသည်။ ထိုစမ်းသပ်လက်ဖက်စိုက်ခင်းများအောင်မြင်ပါက နောင်တွင် အညာဒေသ၌ ထူးခြားသည့် လက်ဖက်စိုက်ခင်းလုပ်ငန်းတစ်ရပ် ပေါ်ပေါက်လာနိုင်သည့် နည်းတူ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်များ ပိုမိုတိုးလာနိုင်ပါသည်။ နောင်တွင် မြန်မာ့လက်ဖက်လုပ်ငန်းများ၌ နည်းပညာကောင်းများ ခေတ်မီစက်ကိရိယာများနှင့်အမြင်ဆန်းပြီးလှပစေမည့် ထုပ်ပိုးမှုလုပ်ငန်းများဖြင့် အဆင့်မြင့်ထုတ်လုပ်ရောင်းချနိုင်ပါက ပြည်ပဝင်ငွေ ရှာနိုင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်လာနိုင်ပါသည်။ ထို့အပြင် လက်ဖက်စိုက်ခင်းများတွင် အရိပ်ရနှစ်ရှည်ပင်များဖြင့် ပူးတွဲစိုက်ပျိုးရသဖြင့် သစ်တောထိန်းသိမ်းမှုကိုပါ အထောက်အပံ့ဖြစ်စေပြီး၊ သီးနှံသစ်တောရောနှော စိုက်ခင်း (Agro-forestry) လုပ်ငန်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု လုပ်ငန်းအတွက်ပါ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေပါသည်။

တောင်ပေါ်ဒေသတစ်ဝိုက် တောင်စောင်းများတွင် လက်ဖက်စိုက်ခင်းများရှိခြင်းကြောင့် မိုးရာသီတွင် တောင်ပြိုခြင်းနှင့် ရေတိုက်စားခြင်း အန္တရာယ်မှ ကာကွယ်နိုင်သဖြင့် လက်ဖက်စိုက်ခင်းများသည် တောင်ပေါ်ဒေသ သစ်တောများ၏ ရေဝေရေလဲ သစ်တောထိန်းသိမ်းမှုလုပ်ငန်းကိုပါ အထောက်အပံ့ ဖြစ်စေပါသည်။ သို့ဖြစ်ပါ၍ သမိုင်းရှေးရိုး အစဉ်အလာကောင်းရှိသော မြန်မာ့လက်ဖက်စိုက်ပျိုးမှုလုပ်ငန်းကို နိုင်ငံအတွင်း လက်ဖက်စိုက်ပျိုးနိုင်သည့် ဒေသအလိုက် ဒေသခံပြည်သူများ ဝင်ငွေတိုးလုပ်ငန်းတစ်ရပ်အဖြစ် တိုးချဲ့စိုက်ပျိုးသွားကြပါစို့ဟု တိုက်တွန်းရင်း စစည်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

စီရိုနယ်ဒို၏ ဘဝကိုဖြတ်သန်းခံစားကြည့်ခြင်း

❖ မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဝင်းချို စာမျက်နှာဖွဲ့ စည်းသည်

လန်ဒန် ဇန်နဝါရီ ၁၄

ပေါ်တူဂီနိုင်ငံ မာဒီရာမြို့ ဖန်ချယ်အရပ်မှာ ၁၉၈၅ခုနှစ် ဖေဖော်ဝါရီ ၅ရက်မှာ မွေးဖွားခဲ့တဲ့ ခရစ္စတီယာနိုရိုနယ်ဒိုဒေါ့စ်ဆန်တို့စ်အဗီရိုလို့ခေါ်တဲ့ စီရိုနယ်ဒိုဟာ ၂၀၀၈ခုနှစ်ရဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးရရှိသွားခဲ့ပြီဖြစ်ပါတယ်။

ဦးစားပေး

အသက် ၁၂နှစ်သားအရွယ်ကတည်းက ပေါ်တူဂီ လူငယ်ကလပ်အသင်းတွေဖြစ်တဲ့ အက်ဖ်အင်ဒိုရင်ဟာ၊ စီဒီနာစီရိုနယ်နဲ့ စပို့တင်းလစ္စဘွန်း ကလပ်တွေမှာ ကစားခဲ့ပြီး ၁၉၉၉ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ စပို့တင်းလစ္စဘွန်းအသင်းကြီးမှာ ပါဝင်ကစားခဲ့ပါတယ်။ မန်ယူကို ၂၀၀၃ခုနှစ်မှာရောက်ရှိလာခဲ့ပြီး ပွဲတိုင်းခြေစွမ်းပြနိုင်ခဲ့လို့ မန်ယူကလပ်မှာ ပထမဦးစားပေးကစားသမားအဖြစ် ပွဲတိုင်းနီးပါး ကစားခဲ့သူဖြစ်ပါတယ်။

ဆုတံဆိပ်

မန်ယူအသင်းမှာခြေစွမ်းပြပြီး ဂိုးတွေသွင်းယူနိုင်ခဲ့လို့ ၂၀၀၃-၂၀၀၄မှာ ဘရာဗိုဆုအပါအဝင်၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအထိ ဆုတံဆိပ်အမျိုးအစားပေါင်း ၂၆ဆုရရှိခဲ့ပါတယ်။ တချို့ဆုတွေဟာ နှစ်နှစ်ဆက်တိုက်၊ သုံးနှစ်ဆက်တိုက်ရရှိခဲ့တဲ့ ဆုတွေ ပါဝင်နေတာမို့ ဆုအရေအတွက် ပေါင်းဆိုရင်တော့ စုစုပေါင်း ၄၄ဆုကို စီရိုနယ်ဒို ဆွတ်ခူးရရှိခဲ့ပြီးဖြစ်ပါတယ်။

ထူးခြား

ဒီဆုတွေထဲမှာ ထူးခြားတာကတော့ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ ပီအက်ဖ်အေရဲ့တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆု၊ ပီအက်ဖ်အေရဲ့ တစ်နှစ်တာ လူငယ်ဘောလုံးသမားဆုနဲ့ ပီအက်ဖ်အေ ပရိသတ်ရဲ့ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုတွေကို စီရိုနယ်ဒိုတစ်ဦးတည်း သိမ်းကျုံးရယူနိုင်ခဲ့တာမို့ ပီအက်ဖ်အေ သမိုင်းမှတ်တမ်းမှာတော့ တစ်နှစ်တည်းမှာ ပီအက်ဖ်အေရဲ့ဆုအားလုံးကိုရယူသွားနိုင်တဲ့ ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၀၆-၂၀၀၇ခုနှစ်မှာ အားကစားကလောင်ရှင်တွေကရွေးချယ်ပေးတဲ့ တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆုကိုလည်း ရရှိခဲ့ပါတယ်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ စီရိုနယ်ဒို

၂၀၀၈ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးခဲ့သည့် အခမ်းအနား၌ တွေ့ရသည့် စီရိုနယ်ဒို။

မှတ်တမ်းတင်

ဒါ့အပြင် အင်္ဂလိပ်ပရီမီယာလိဂ်သမိုင်းမှာ ကွင်းလယ်နဲ့ တောင်ပံကစားသမားတစ်ဦးအနေနဲ့ တစ်ရာသီတည်းမှာ ဂိုးပေါင်း ၃၁ဂိုး သွင်းယူနိုင်ခဲ့တဲ့ ဘောလုံးသမားအဖြစ် စီရိုနယ်ဒို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ နောက်ပြီး မန်ယူကလပ်အတွက် ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်၊ အက်ဖ်အေ၊ ကားလင်း စတဲ့ ပွဲတွေမှာ တစ်ရာသီအတွင်း တောင်ပံကစားသမားတစ်ဦးအနေနဲ့ ၄၂ဂိုး အထိ သွင်းယူပေးနိုင်ခဲ့တဲ့ မှတ်တမ်းလည်း တင်နိုင်ခဲ့သူဖြစ်ပါတယ်။

စွမ်းဆောင်နိုင်

စီရိုနယ်ဒိုဟာ ပရီမီယာလိဂ်တစ်ရာသီတည်းမှာ ဂိုးပေါင်း ၃၀ကျော် သွင်းယူနိုင်ခဲ့တဲ့ ငါးဦးမြောက်ဘောလုံးသမားဖြစ်ခဲ့ပါတယ်။ အဲဒီဘောလုံးသမားတွေကတော့ အင်ဒီကိုး၊ ကီဗင်ဖီးလစ်၊ အလန်ရှီးယားနဲ့ အွန်နရီတို့ ဖြစ်ကြတာမို့ မန်ယူအတွက် ဂုဏ်တက်အောင် စွမ်းဆောင်နိုင်ခဲ့သူပါပဲ။

ဒါကြောင့် ပေါ်တူဂီအသင်း အတွက်ရော၊ မန်ယူကလပ်အတွက်ပါ ခြေစွမ်းပြစွမ်းဆောင်နိုင်ခဲ့တဲ့ စီရိုနယ်ဒိုကို စပိန်ကလပ် ရီးရဲမက်ဒရစ်က ရအောင်ခေါ်ယူဖို့ ကြိုးစားနေခြင်းဖြစ်ပါတယ်။ အခုကတော့ လူငယ်ပီပီ အောင်မြင်မှုတွေကို အတောမသတ်ရယူလိုတာမို့ ကမ္ဘာ့ အကောင်းဆုံး ဘောလုံးသမားဆုနဲ့ လမိုင်းမကပ်တဲ့ ပရီမီယာလိဂ်က စွန့်ခွာဖို့ အားထုတ်ခဲ့သေးတဲ့ စီရိုနယ်ဒိုဟာ အခုတော့ မန်ယူမှာပဲကစားဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်။

ဒီလိုဆုံးဖြတ်လိုက်တာဟာ နည်းပြကြီး ဖာဂူဆန်ရဲ့ သွန်သင်ပြသစည်းရုံးနိုင်မှုလည်း ပါဝင်ပါတယ်။ "လူဟာ ကိုယ်ရပ်တည်ရမယ့် နေရာကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ရမယ်"လို့ စီရိုနယ်ဒိုကို ဖာဂူဆန် အမြဲပြောခဲ့တဲ့စကားဟာ အခုတော့ မှန်ကန်ကြောင်း လက်တွေ့ပြသနိုင်ခဲ့ပြီမို့ ကမ္ဘာ့အကောင်းဆုံးဆုချီးမြှင့်ခြင်းပွဲမှာ စီရိုနယ်ဒိုကလည်း သူ့ဆရာအပေါ်မှတ်မှတ်ရရ ကျေးဇူးတင်စကားဆိုခဲ့ခြင်းဖြစ်ပါတယ်။

အခုတော့ စီရိုနယ်ဒိုဟာ သူမျှော်လင့်ခဲ့ရတဲ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့ပြီဖြစ်လို့ အောင်မြင်ကျော်ကြားမှုလည်း အထွတ်အထိပ်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ အောင်မြင်မှုဟာ ထိန်းသိမ်းမှုရှိမှ အတိမ်းအစောင်းမဖြစ်တာမို့ ကြိုးစားအားထုတ်မှု အရှိန်မပျက်ရင် လာမယ့်နှစ်တွေမှာ အခုလို ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု ဆက်လက်ဆွတ်ခူးဖို့ အခွင့်အရေး ရနိုင်မှာဖြစ်ပါတယ်။ အသက် ၂၃ နှစ်သာရှိသေးတဲ့ စီရိုနယ်ဒိုဟာ အသက်အရွယ်ရော၊ခြေစွမ်းပါ အကောင်းဆုံးအနေအထားမို့ အနာဂတ် အောင်မြင်မှုတွေအတွက် ဘယ်လို နေထိုင်ကြိုးစားသွားမယ်ဆိုတာကတော့ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။**ကိုးကား-အင်တာနက်**

မန်ယူခံစစ်မှူး အီဗရာ ဒဏ်ရာကြောင့် အနားယူရမည်

လန်ဒန် ဇန်နဝါရီ ၁၄

မန်ယူခံစစ်မှူး ပက်ထရစ်အီဗရာသည် ခြေထောက်ဒဏ်ရာရရှိခဲ့မှုကြောင့် သီတင်းပတ် သုံးပတ်ခန့်ကြာ အနားယူရဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ပရီမီယာလိဂ်တွင် ကစားခွင့်လေးပွဲ ပိတ်ပင်ခံရသူ အီဗရာသည် ဇန်နဝါရီ ၁၁ ရက်၌ မန်ယူက ချယ်လ်ဆီးအား သုံးဂိုး-ဂိုးမရှိဖြင့် အပြတ်အသတ်အနိုင်ရရှိသော ပွဲစဉ်တွင် ပါဝင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း ယင်းပွဲစဉ်၌ ကစားကွက်ခင်းကျင်းကာ တိုက်စစ်မှူးဝိန်းရွန်နေအား ဂိုးသွင်းယူနိုင်ရန် ဖန်တီးပေးရင်း ခြေထောက်ဒဏ်ရာရရှိခဲ့သည်။ ၎င်း၏ကစားဖော်ခံစစ်မှူး ရီယိုဖာဒီနန်သည်လည်း ကျောကုန်းတွင် ဒဏ်ရာရရှိခဲ့မှုကြောင့် အနားယူဦးမည်ဖြစ်သည်။ **(အင်တာနက်)**

ဘင်နီတက်ဇ် စာချုပ်သစ်ချုပ်ဆိုမည်

လန်ဒန် ဇန်နဝါရီ ၁၄

လီဗာပူးအသင်း တာဝန်ရှိသူများနှင့် နည်းပြသက်တမ်းတိုးရေးနှင့် လစာညှိနှိုင်းမှုများကို ပြုလုပ်ပြီးနောက် အန်ဖီးလ်၌ စာချုပ်သစ် ထပ်မံချုပ်ဆိုရေး နီးစပ်လာပြီဖြစ်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ဖွင့်ဟပြောကြားခဲ့သည်။

အသက် ၄၈နှစ်ရှိ ဘင်နီတက်ဇ်သည် စာချုပ်ထပ်မံမချုပ်ဆိုမီ လိုအပ်ချက်အချို့ကို ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းကဲ့သို့ ဆွေးနွေးနေသော အချက်မှာ စာချုပ်သစ် ချုပ်ဆိုရာ၌ ကစားသမား အပြောင်းအရွှေ့ပေါ်တွင် စီမံကွပ်ကဲ ထိန်းချုပ်ခွင့်ကို ဘင်နီတက်ဇ်က တောင်းဆိုထားကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ရေတာရှည်မြို့နယ် ဒီဇင်ဘာ စတုတ္ထပတ် အားကစားလှုပ်ရှား စုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်

ရေတာရှည် ဇန်နဝါရီ ၁၂

ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် ဒီဇင်ဘာ စတုတ္ထပတ် အားကစား လှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်ကာယလေ့ကျင့် ခန်းများပြုလုပ်ပွဲကို ဒီဇင်ဘာ၂၇ရက် နံနက်၅နာရီက ရေတာရှည် မြို့နယ်၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်

ရှေးဦးစွာ နံနက် ၅ နာရီတွင် စုရပ်ဖြစ်သော ရေတာရှည်မြို့ ရန်ကုန်-မန္တလေး ကားလမ်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးလမ်းဆုံမှနေ၍ မြို့၏တောင်ဘက် ရွှေပြည် ကုန်းအထိ ၃ မိုင်ခရီးကို စုပေါင်းလမ်းလျှောက်ကြရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးများ၊ မြို့နယ်အားကစားနှင့်ကာယ ပညာကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များ၊ အထက၊ အလက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်သူများ အင်အား ၂၅၀၀ ကျော်တို့ တပျော်တပါး ပါဝင်လမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)**

လေ့ကျင့်

ထို့နောက် နံနက် ၆ နာရီတွင် ရေတာရှည် မြို့မအားကစား ကွင်း၌ မြို့နယ်အားကစားမှူး ဒေါ်ခင်သီတာဦးနှင့် အဖွဲ့ ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ၅၀၀ကျော်တို့က ကိုယ် ကာယလေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် အား/ကာ)

ဟိုပန်မြို့၌ စာကြည့်တိုက်များ ရှင်သန်ရေးဆွေးနွေး

လင်းခေး ဒီဇင်ဘာ ၁

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးသည် နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းက မိုင်းပန်မြို့နယ်ရုံး၌ ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ငွေပဒေသာပင် ရန်ပုံငွေစိုက်ထူရေးလုပ်ငန်း များ ဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

(၆၁)နှစ်မြောက် လွတ်လပ်ရေး နေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်မြို့မ ကဒုံစီး ရပ်ကွက် ပွင့်ဖူးဝေကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်တွင် အသုံးပြု ရန် တီဗွီ၊ ကက်ဆက်၊ သုတရသ စာအုပ်များနှင့် ရန်ပုံငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို အဆိုပါစာကြည့် တိုက်ရှေ့၌ ဒီဇင်ဘာ ၁၅ရက်က ကျင်းပရာ အလှူရှင် ကဒုံစီးရပ်ကွက် ဥက္ကဋ္ဌဦးဘုန်းမြင့်-ဒေါ်သန်းရီမိသားစု လှူဒါန်းသော ပစ္စည်းများကို မြို့နယ် ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးထံ ပေး အပ်စဉ်။ (၁၇၆)

သာယာဝတီမြို့နယ် စာကြည့်တိုက်များသို့ အလှူငွေနှင့်စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

သာယာဝတီ ဇန်နဝါရီ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက သာယာဝတီမြို့နယ် အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ၃၀ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကား ပြောကြားပြီး သာယာဝတီခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေး ဟောပြောသည်။

လှူဒါန်း

ထို့နောက် မြို့မိမြို့ဖအလှူရှင်များက စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်း၊ စာအုပ်များကို ကျေးရွာတစ်အုပ်စုလျှင် အုပ်ရေ ၅၀နှုန်းဖြင့် ကျေးရွာ ၄၈အုပ်စု အတွက် အုပ်ရေပေါင်း ၂၄၀၀နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက မဂ္ဂဇင်းစာအုပ် ၁၈ အုပ်လှူဒါန်းကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်တုန်းမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ညောင်ပင်သာကျေးရွာတွင် အငယ်တန်းအင်ဂျင်နီယာ-၃ ဦးထွန်းထွန်းဝင်း ရေတုံကင်တူးဖော်မှု အပြီးသတ် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့က ဒီဇင်ဘာ ၃၀ ရက်က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၅၂)

ကျိုက်ထိုမြို့နယ် ဖက္ကာလိပ်-ရွာမလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျိုက်ထို ဇန်နဝါရီ ၁၂

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံခရိုင်၊ ကျိုက်ထို မြို့နယ် ဖက္ကာလိပ်ကျေးရွာ ဖက္ကာလိပ်ရွာမ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီက ဖက္ကာလိပ် ရွာမလမ်း မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ လမ်းသစ်ကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တ ဥက္ကဋ္ဌ ဒုတိယရဲမှူးခင်အောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာအုပ်၊ စာစောင်နှင့် အလှူငွေ ပေးအပ်လှူဒါန်း

ခန္တီး ဇန်နဝါရီ ၁၀

ခန္တီးမြို့နယ် ဆင်သေကျေးရွာ နာဂသိဂီစာကြည့်တိုက်၏ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က စာကြည့်တိုက်များကို စံ(၅)ချက်နှင့်အညီ ဆောင်ရွက် ထားရှိရေး ဆွေးနွေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင် ၁၀၀၊ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာအုပ်မျိုးစုံ ၅၀နှင့် ကျေးရွာအလှူရှင်များကိုယ်စား ဦးမာဂန်က စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၂၃၇၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမောင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျောင်းကုန်း၌ ကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၁၀

ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာအုပ်စုရှိ ပန်းတောရိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကြည်သိန်း၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးစိုးတင့်၊ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ခံ ဦးမြင့်သန်းကို၊ မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ကျွန်းပင်စိုက်ပျိုးရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့ကို ပညာပေး ဆွေးနွေးကြသည်။

ထို့နောက် ဒေသခံပြည်သူများအား မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ပေးဝေခြင်း၊ ကုသခြင်းစသည်တို့ကို ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)** **(၁၅၄)**

ပညာရေးစုံညီပွဲတော် ကျောက်ဆည်မြို့၌ ကျင်းပ

ကျောက်ဆည် ဇန်နဝါရီ ၁၂

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ကျောက်ဆည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးစုံညီပွဲတော်ကို ကျောင်းသား ကျောင်းသူလေးများက ပညာရေးစုံညီ တေးသီချင်းဖြင့် သီဆို ဖွင့်လှစ်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ဌေးက ပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်များရှင်းလင်းပြီး ဘက်စုံ ပညာထူးချွန်ဆုရရှိကြသည့် အခြေခံပညာအထက်တန်း သုံးကျောင်း၊ အလယ်တန်း သုံးကျောင်းနှင့် မူလတန်း သုံးကျောင်းတို့အား လည်းကောင်း၊ စာပေထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူ ၂၅၂ ဦးတို့အားလည်းကောင်း တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရေစကြို အထက(၁)၌ ဆရာ့ဂုဏ်ရည်ဟောပြော

ရေစကြို ဇန်နဝါရီ ၈

ရေစကြို အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲ အထိမ်းအမှတ် အကြို ဆရာ့ဂုဏ်ရည် စာပေဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ရက် နံနက် ၉နာရီက မြတမာခန်းမ၌ ကျင်းပရာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်သောင်းက အမှာစကား ပြောကြားပြီး စာရေးဆရာတွင်းကြီး ဝမ်းမောင်က ကျွန်တော်နှင့် ငတောလုံး ဝတ္ထုတိုများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာဆွေသန်း(မန်းတက္ကသိုလ်)က ချစ်သောကျောင်း၊ ချစ်သော ဆရာ၊ ချစ်သော ကဗျာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေး ဆရာတင်မြင့်(နေမျိုးသန့်)က ဘဝ ထဲကစာ၊ စာထဲက ဘဝ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇန်နဝါရီ ၂ရက်က အထက လှည်းကူးအောင်ဆန်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအုန်းသွင်က အဖွင့်အမှာ စကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

15-1 (15).pmd 1 1/15/2009, 1:41 AM

ကျေးရွာပြည်သူများ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ဖတ်ရှုလေ့လာ မှန်ကန်သည့် တွေးခေါ်ဆုံးဖြတ်မှုဖြင့် နိုင်ငံတော်တည်ဆောက်ရေး၌ ပူးပေါင်းပါဝင်

နေပြည်တော် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာတို့မှ ဌာနအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ တက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော အဆောက်အအုံများကို တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ ရပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ နိုင်ငံသားအားလုံး အသိပညာ ဗဟုသုတနှင့် အတွေးအခေါ် မြင့်မားတိုးတက်ရေးအတွက် စာပေလေ့လာဖတ်ရှုနိုင်အောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း။ *စာမျက်နှာ ၃ ကော်လံ ၁* ●

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးထံ စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ မန္တလေး၊ ကျောက်ဆည်နှင့် ပြင်ဦးလွင်မြို့များတွင် ကျင်းပမည်

သတင်းဆောင်းပါး - ကိုထွေး ❖ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၅၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အမျိုးသား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေနေ့)မှစတင်၍ မန္တလေး၊ ကျောက်ဆည်နှင့် ပြင်ဦးလွင်မြို့များ၌ ကျင်းပမည်ဖြစ်သည်။

အုပ်စု(က)

အုပ်စုပွဲစဉ်များ ရေးဆွဲထားပြီးဖြစ်ရာ အုပ်စု(က)တွင် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မွန်ပြည်နယ်တို့ ပါဝင်ပြီး မန္တလေးမြို့ အောင်မြေမန္တလာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✻

သဘာဝဘေးအင်တာနက်ဖောင်ပိတ်သတင်း

ဖိလစ်ပိုင် ဆာမာပြည်နယ်မြောက်ပိုင်း၌ ရေလွှမ်း၊ ၁၁ ဦးသေဆုံး

မနီလာ ဇန်နဝါရီ ၁၄

ဖိလစ်ပိုင်နိုင်ငံ ဆာမာပြည်နယ်မြောက်ပိုင်းတွင် ဇန်နဝါရီ၁၄ရက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပွားရာ ၁၁ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ထို့အတူ အချို့နေရာများ၌ မြေပြိုမှုများဖြစ်ပွားပြီး နေအိမ်အချို့ပျက်စီးခဲ့သည်။ ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ၂၁၀၀၀ကျော် ရေဘေးအန္တရာယ်ကြုံတွေ့နေရပြီး ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။

ဖီဂျီ၌မုန်တိုင်းတိုက်ခတ်ပြီး ရေလွှမ်းမိုး

ဆူဗာ ဇန်နဝါရီ ၁၄

ဖီဂျီနိုင်ငံ မွန်နာဆာဗျူမြို့တွင် ဇန်နဝါရီ ၁၄ရက် နံနက်က မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ကာ ၁၁ဦးသေဆုံးခဲ့ကြောင်း ဖီဂျီအရာရှိများက ပြောကြားသည်။

ထို့အတူ ဖီဂျီနိုင်ငံ ဗီတီလီဗျူကျွန်းတွင်လည်း မိုးရေချိန် ၄၁လက်မအထိ ရွာသွန်းခဲ့ပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့သည်။ တစ်ဖန် ဖီဂျီနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွား အများဆုံးလာရောက်သည့် နာဒီအပန်းဖြေစခန်း၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း၊ ကလေးငယ်အချို့ သေဆုံးခဲ့ကြောင်း သိရသည်။

အင်တာနက်ကျန်းမာရေး

အေးမြသောရာသီ၌ အသက်အရွယ်ကြီးသူများ လေဖြတ်ခြင်း၊ နှလုံးရောဂါခံစားရခြင်းတို့ ဖြစ်နိုင်

ရာသီဥတုအေးသည့် ကာလတွင် အသက်အရွယ်ကြီးရင့်သူများ အနေဖြင့် သွေးပေါင်မြင့်တက်ပြီး ရုတ်တရက်လေဖြတ်ခြင်း ဝေဒနာ ခံစားရနိုင်ကြောင်း ပြင်သစ် သုတေသနပညာရှင်များက သတိပေး ပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ■

မြန်မာ့အလင်း လက္ခဏာဗေဒသိပ္ပံ

ဝင်ငွေကောင်းသော လက်ချောင်းများ

မြင့်မောင်စိုး စေ့ငုရေးသားသည်



လန်ဒန် ဇန်နဝါရီ ၁၄

အမျိုးသားတစ်ဦး၏ လက်ချောင်းလေးများအရှည်သည် သူ့ဘဝအောင်မြင်တိုးတက်ရေးကို ခန့်မှန်းနိုင်ကြောင်း ကင်းဘရစ်တက္ကသိုလ်မှ သုတေသန သိပ္ပံပညာရှင်များက လေ့လာတင်ပြသည်။

လေ့လာတွေ့ရှိ

အဆိုပါ သုတေသန သိပ္ပံပညာရှင်များသည် လက်ညှိုးထက် လက်သူကြွယ် ပိုရှည်ပြီး ဝင်ငွေအများဆုံးရှာနိုင်သည့် ငွေကြေးဆိုင်ရာ ကုန်သည်များအား သုတေသနပြု လေ့လာဆန်းစစ်ရာမှ လေ့လာတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ပိုမိုထိရောက်

ထိုသို့ လက်ညှိုးထက် လက်သူကြွယ်ပိုရှည်သော သူများသည် ဆုံးဖြတ်ချက်တစ်ခုကို မှန်ကန်မြန်ဆန်စွာ ချမှတ်တတ်လေ့ရှိခြင်းကြောင့် လုပ်ငန်းများ လုပ်ကိုင်ရာတွင် ပိုမိုထိရောက်သည့်အချက်ကို လေ့လာတွေ့ရှိရသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ❖

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

15-1 (20).pmd 1 1/15/2009, 1:42 AM